# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၈ ရက်၊ သောကြာနေ့၊ အတွဲ (၄၅)၊ အမှတ် (၃၄၀)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ကျွန်းပင်များ အောင်မြင်ဖြစ်ထွန်းအောင် တိုးချဲ့စိုက်ပျိုး၊ သဘာဝသစ်တောများထိန်းသိမ်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် အောင်မြင်ရေး ဝိုင်းဝန်းကြိုးပမ်း

**နေပြည်တော် စက်တင်ဘာ ၇**

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက ရွှေကူမြို့နယ် မန္တလေး-တကောင်း- ဗန်းမော်ကားလမ်းမိုင်တိုင်အမှတ် (၁၁၂/၅)နှင့် (၁၁၃/၅)အကြား၌ နယ်မြေခံတပ်ရင်းမှ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် မိုးစပါး ဧက ၂၀၀ စိုက်ခင်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် မိုင်တိုင် အမှတ်(၁၂၀/၇)အနီး၌ တပ်နယ်၊ တပ်ရင်းများ၏ ကျွန်းစိုက်ပျိုးမည့် မြေနေရာများကို ကြည့်ရှုစစ်ဆေးကာ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးဆောင်ရွက်ရေးတာဝန်ရှိသူများအား မှာကြားသည်။

**ရှင်းလင်းမှာကြား**

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်သည် ရွှေကူသစ်တောကြိုးဝိုင်းအကွက် အမှတ်(၂၂)သို့ သွားရောက်၍ သစ်တောရေးရာဝန်ကြီးဌာနမှ ၂၀၀၄-၂၀၀၅ခုနှစ်မှ စတင်ပြုစု ထိန်းသိမ်းထားရှိသည့် ဧက ၂၀၀ ကျွန်းခင်းသို့ ကြည့်ရှုစစ်ဆေးပြီး ရွှေကူ-ဗန်းမော်-လယ်ဆိုလမ်း၌ ရွှေကူမြို့နယ် ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ကျွန်းတိုးချဲ့စိုက်ပျိုးရေးနှင့် သဘာဝသစ်တောများထိန်းသိမ်း ကာကွယ်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၃* ●




**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကျိုင်းတုံမြို့ ထပ်မားငင်ရေလှောင်တမံ ရေသိုလှောင်နိုင်မှု တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၇**

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ၂ရက် နံနက်ပိုင်းက ကျိုင်းတုံမြို့နယ် တင်ထပ်ကျေးရွာအနီးရှိ ထပ်မားငင်ရေလှောင်တမံသို့ သွားရောက်၍ ရေလှောင်တမံကြံ့ခိုင်ကောင်းမွန်မှု၊ ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနှင့် ရေသိုလှောင်နိုင်မှု၊ ရေလှောင်တမံမှ ကျိုင်းတုံမြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေပေးဝေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ရှင်းလင်းပြသ**

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ကျိုင်းတုံတပ်နယ် နယ်မြေခံတပ်၏ ခြံစည်းရိုးကြက်ဆူပင် ၁၀ ဧက စံပြစိုက်ခင်းသို့ ရောက်ရှိရာ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးမြင့်ကိုကိုက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၄* ■

**မြန်မာ့အလင်း ဆောင်းပါးအညွှန်း**

**မြန်မာနိုင်ငံအတွင်းမှ NLD ပါတီအပါအဝင် နိုင်ငံရေးပါတီအချို့နှင့် ၈၈ မျိုးဆက်အမည်ခံ ကျောင်းသားဟောင်းအချို့သည် စည်းကမ်း ပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် အပြုသဘောပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းအစား ၁၉၈၈ ခုနှစ်ပုံစံ အဖျက်လုပ်ငန်းများဖြင့် အာဏာကို ဖြတ်လမ်းမှရယူရန် လုပ်ဆောင်လျက်ရှိ။**

စိုးမြကျော်နှင့် စောမြအောင်၏ သောနတ္ထိုရ် အမေရိကန်ကွန်ဂရက်အမတ်အချို့နှင့် အစွယ်လိုသူ ပြည်ပအားကိုး ပုဆိန်ရိုးတို့၏ နိုင်ငံတော်လုပ်ကြံမှုဇာတ်လမ်း ဆောင်းပါး (စာ ၈-၉နှင့် ၁၁)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

# အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်)

## စာတတ်မြောက်ခြင်းမှသည် လူ့ဘောင်အဖွဲ့အစည်းမြင့်မားတိုးတက်ရေး ဦးတည်

စက်တင်ဘာလ ၈ ရက် **(ယနေ့)** သည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဖြစ်သည်။ မျက်မှောက်ခေတ်သည် ပညာခေတ်ဖြစ်၍ နည်းပညာများ အဟုန်ပြင်းစွာ ပြောင်းလဲလာမှုကြောင့် ကမ္ဘာကြီးသည်ပင် ရွာလေးတစ်ရွာမျှသာ ဖြစ်လာခဲ့ပြီဖြစ်သည်။

ပညာရေးကို အလေးမပေးလျှင် ခေတ်နောက်ကျန်ခဲ့မည်ဖြစ်၍ အခြေခံပညာဖြစ်သည့် အရေး၊ အဖတ်၊ အတွက်ကို လူတိုင်း တတ်ကျွမ်းထားရန် လိုအပ်သည်။

မြန်မာနိုင်ငံသည် လူတိုင်းစာတတ်မြောက်ရေးအတွက် နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်လာခဲ့ရာ ပထမနည်းလမ်းဖြစ်သည့် ကျောင်းပညာရေးနှင့်ပတ်သက်၍ မူလတန်းပညာကို ကလေးတိုင်း သင်ယူနိုင်စေရေးအတွက် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးလုပ်ငန်းကို ယခုအခါ အလေးထား လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် ငယ်စဉ်က ပညာသင်ယူနိုင်မှု ဆုံးရှုံးခဲ့ကြသည့် သက်ကြီးများ စာတတ်မြောက်ရေးအတွက် စာတတ်မြောက်ရေး ဒုတိယနည်းလမ်းဖြစ်သည့် ကျောင်းပြင်ပပညာရေးကို နိုင်ငံတော်က မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် မူလတန်းပညာသင်ကြားရေးကို ပညာရေးဝန်ကြီးဌာန တစ်ခုတည်းကသာ ဆောင်ရွက်နေသည် မဟုတ်ပေ။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကလည်း ယခုအခါ အတိုင်းအတာတစ်ရပ်အဖြစ် ပါဝင်ကြိုးပမ်းလျက်ရှိသည်။

အလားတူပင် အစိုးရမဟုတ်သော အသင်းအဖွဲ့များ၊ နိုင်ငံတကာအသင်းအဖွဲ့များကလည်း ပါဝင်ကူညီလျက် ရှိနေကြသည်။ နိုင်ငံတော်အစိုးရသည် သက်ကြီးစာတတ်မြောက်ရေး၊ စာမတတ်သူ ပပျောက်ရေးလုပ်ငန်းကို လွန်ခဲ့သည့် ဆယ်စုနှစ်များစွာကပင် ဆောင်ရွက်လာခဲ့သဖြင့် ယခုအခါ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၄ ဒသမ ၃၅ရာခိုင်နှုန်း ရှိလာခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလုပ်ငန်းကို လေ့လာကြည့်မည်ဆိုပါက ၁၉၆၄ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ မြို့နယ်လုံးကျွတ်၊ ပြည်နယ်၊ တိုင်းလုံးကျွတ် စာတတ်မြောက်ရေးလုပ်ငန်းများကို အမျိုးသားရေး လှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်ခဲ့သည်။

၂၁ရာစုတွင် စာတတ်မြောက်ရေးအတွက် အရေး၊ အဖတ်၊ အတွက် သင်ကြားပေးရုံမျှဖြင့် မလုံလောက်ပေ။ တတ်မြောက်လာပြီးသောစာကို လူ့ဘဝသာယာဖွံ့ဖြိုးရေးအတွက် ထိရောက်စွာ အသုံးချနိုင်ရန် လိုပေသည်။

မြန်မာနိုင်ငံသည် ကျောင်းပြင်ပပညာရေးကို ၁၉၉၀ပြည့်နှစ်ဝန်းကျင် ကာလကပင် စတင်ခဲ့သည်။ အခြေခံ စာတတ်မြောက်ရေးကို ဆောင်ရွက်ပြီးနောက် စာဖတ်ရှိန်မြှင့်တင်ရေး အစီအစဉ်ကို ဆက်လက်ဖော်ဆောင်ကာ ဝင်ငွေတိုးတက်ရေး လုပ်ငန်းအစီအစဉ်နှင့် ဘဝသာယာရေး အစီအစဉ်များ ဆက်လက်ဖြည့်ဆည်းပေးခြင်းဖြင့် လူ့ဘောင်အဖွဲ့အစည်း မြင့်မားတိုးတက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပေသည်။ ॥

## ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူး၊ ဌာန |
| --- | --- |
| (က) ဦးမောင်မောင်သန်း | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန |
| (ခ) ဦးသိန်းအောင် | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုညွှန်ကြားရေးဦးစီးဌာန<br>အမှတ်(၁)စက်မှုဝန်ကြီးဌာန |

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ယင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ကျောင်းပြင်ပ ပညာရေးစာအုပ် ဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၇**

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းဦး ခေါင်းဆောင်သည့် မြန်မာနိုင်ငံကျောင်းပြင်ပ ပညာရေးမော်ကွန်း ပြုစုရေးအဖွဲ့က ပြုစုပြီး ထုတ်ဝေလိုက်သောမြန်မာနိုင်ငံကျောင်းပြင်ပ ပညာရေးမော်ကွန်း (၁၉၈၉-၂၀၀၄)စာအုပ်ကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်း အမှတ် ၄၂၆ရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနက ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါ စာအုပ်တွင် မြန်မာနိုင်ငံ၌ ၁၉၈၉ ခုနှစ်မှ ၂၀၀၄ ခုနှစ် အထိ ကျောင်းပြင်ပ ပညာရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှု သမိုင်းမှတ်တမ်းများကို ပြုစုရေးသားထားပြီး မှတ်တမ်းမှတ်ရာများ၊ ဓာတ်ပုံများဖြင့် ပြည့်စုံစွာ ဖော်ပြထားသည်။

**(သတင်းစဉ်)**

## တကောင်းမြို့ဟောင်း ရှေးဟောင်းသုတေသနပြတိုက် ယဉ်ကျေးမှုဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၇

**ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်အောင်မြင့်သည် စက်တင်ဘာ၂ ရက်က တာဝန်ရှိသူများလိုက်ပါလျက် တကောင်းမြို့ဟောင်းရှိ ရှေးဟောင်းသုတေသနပြတိုက်သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဒိုင်းမွန်းပဲလေ့(စ်)ကုမ္ပဏီမှ အင်ဂျင်နီယာချုပ် ဦးသန်းစိန်က ဆောက်လုပ်ဆဲ ရှေးဟောင်းသုတေသနပြတိုက်နှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်း ပြောကြားသည်။ ထို့နောက် တကောင်းမြို့ ရှေးဟောင်းသုတေသနဦးစီးဌာန တကောင်းဌာနစုမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေနိုင်ထွန်းက တကောင်းမြို့ နောက်ခံသမိုင်းနှင့် ရှေးဟောင်းသုတေသနဦးစီးဌာနက တကောင်းမြို့ဟောင်းရှိ ရှေးဟောင်းကုန်းများ နှစ်အလိုက် တူးဖော်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။**

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်သည် တတိယမြို့ရိုး တူးဖော်ထိန်းသိမ်းမှုလုပ်ငန်း၊ ဒုတိယမြို့ရိုး တူးဖော်ထိန်းသိမ်းမှုလုပ်ငန်း၊ တကောင်းမြို့ဟောင်းရှိ တူးဖော်ထားသော ကုန်းအမှတ်(၃၄) ပထမမြို့ရိုး ထိန်းသိမ်းမှုလုပ်ငန်း၊ ဧရာဝတီမြစ်ကမ်းဘေးရှိ ကမ်းပါးအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### ပျူခေတ်အိုး ၆၅လုံး

ထို့နောက် ဝန်ကြီးသည် ကျောက်ဖြင့် တည်ဆောက်ထားသည့် မုခ်ဦးကြီး၊ တူးဖော်ထိန်းသိမ်းထားသော ပျူခေတ် ရှစ်မြှောင်စေတီ၊ တကောင်းမြို့ အထက်တန်းကျောင်းဝင်းအတွင်း ပျူခေတ်အိုး ၆၅လုံး ထိန်းသိမ်းထားရှိမှုအခြေအနေ၊ တကောင်းမြို့ဟောင်းရှိ လေးမျက်နှာဘုရား၊ လေးမျက်နှာဘုရားကြီးအနီးရှိတကောင်းမြို့ဟောင်း တစ်ဝိုက်မှ ရရှိစုဆောင်းထားသော ရှေးဟောင်းပစ္စည်းများ ထားရှိရာ ယာယီပြခန်း၊ တကောင်းမြို့ဟောင်းရှိ ရွှေစည်းခုံဘုရားကြီး အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

### လိုအပ်သည်များမှာကြား

ဝန်ကြီးသည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၃ ရက်တွင် တကောင်းမြို့မှ ကြံညှပ်သို့ ရောက်ရှိလာပြီး ရှေးဟောင်းသုတေသနဦးစီးဌာန တကောင်းဌာနစုမှ သုတေသနလက်ထောက်(၂) ဦးတင်ဝင်းဦး စုဆောင်း သိမ်းဆည်းထားသော ကျောက်ခေတ်ဦး ကျောက်ခေတ်သစ် လက်နက်များ၊ ကြေးခေတ်လက်နက်များ၊ သံခေတ် ရှေးဟောင်းပစ္စည်းမျိုးစုံနှင့် ကြံညှပ်မြို့ဟောင်းရှိ ထိန်းသိမ်းထားသော သံချပ်ဖိုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

### မြနန်းစံကျော်ရွှေနန်းတော်

ဝန်ကြီးသည် စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ မြနန်းစံကျော် ရွှေနန်းတော်ကြီးကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ အထွေထွေပြုပြင်ထိန်းသိမ်းနေဆဲဖြစ်သော အတုမရှိကျောင်းတော်ကြီး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၈-၉-၂၀၀၆ (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
| --- | --- | --- |
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၁၅ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၂၅ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၃၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၉။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
| --- | --- | --- |
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | လက်စွမ်းပြပဟန်ဂီတသံ |
| ၄း၁၅ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄း၃၅ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄း၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅း၂၅ | ၇။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅း၄၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆း၃၀ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၃၅ | ၁၃။ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၆း၄၀ | ၁၄။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၅၃) |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | **သံဃာ့ဂုဏ်ရည်မြတ်လယ်တီ** -မိုက်မလင်းနိုင်လို့ မြိုက်ခင်းညာစီမှာ |
| | ၁၉။ | စိုက်ပျိုးသုတ |
| | ၂၀။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (အပိုင်း-၇) |



**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၉ မိုင် ရွှေနှင်းဆီလမ်း ဆေးဥယျာဉ်လမ်းသွယ် အမှတ် ၃၇၆(အီး)နေ ဒေါက်တာမာလာသွင်က ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင်ငွေကျပ် ငါးသိန်းနှစ်သောင်းခြောက်ထောင်ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၈-၉-၂၀၀၆**
**(သောကြာနေ့)**

| | |
| --- | --- |
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ဖက်ရှင်ကျကျ ဒီဇိုင်းလှလှ (အပိုင်း-၁) |
| ၇း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၇း၃၀ | Music Gallery (ဂျေမောင်မောင် စင်ပေါ်ရောက် ကိုယ်ပိုင်သံစဉ်များ) |
| ၈း၀၀ | တေးဂီတအစီအစဉ် |
| ၈း၀၅ | ရွှေတောင်စက်ရုံ စွမ်းပကား စက်မှု(၁)ရဲ့အား |
| ၈း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈း၂၀ | Myanmar Video Rhythm |
| ၉း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅ | ရေငွေ့သုံး ဆန်အရောင်တင်စက် |
| ၉း၃၅ | တေးဂီတအစီအစဉ် |
| ၉း၄၀ | Shopping Guide (ပွင့်ဖြူစတိုး) |
| ၉း၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၀၅ | အသည်းခြောက်ရောဂါနှင့် စိတ်ပိုင်းဆိုင်ရာပြဿနာ (ဒေါက်တာခင်မောင်ဝင်း) |
| ၁၀း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀ | Midweek Sport News |
| ၁၀း၄၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၅၀ | ရှင်နှောင်း ကျောင်းရောက်ပြီ (ဇာတ်လမ်းတို) (ကြည်စိုး၊ ထူးသာ၊ ချောနဝင်း၊ယွန်းငုံဖူး) (ဒါရိုက်တာဦးခင်ဇော်) |
| ၁၁း၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၁၀ | MRTV-4 စာအုပ်စင်ကဏ္ဍ (မြင်းမှူမောင်နိုင်မိုး) |
| ၁၁း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ | သွန်းလောင်းသံနည်းပညာ |
| ၁၁း၄၅ | တေးဂီတအစီအစဉ် |
| ၁၁း၅၀ | မြန်မာ့ကြယ်လိပ် ထိန်းသိမ်းစောင့်ရှောက်ရေး |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# ကရင်ပြည်နယ် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ် ပညာရည်မြင့်မားရေး အထောက်အကူ ပြုစာသင်ခန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၇

**မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းသည် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၃၀ ရက် နံနက် ၈နာရီက ဘားအံမြို့နယ် တရုတ်လှကျေးရွာရှိ စိုက်ပျိုးရေး ပညာပေးစခန်း၌ကျင်းပသော ကရင်ပြည်နယ် ၂၀၀၆-၂၀၀၇ခုနှစ် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲသို့ တက်ရောက်အားပေးသည်။**

အစီအစဉ်အရ ရှေးဦးစွာ ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးက အမှာစကားပြောကြားပြီး ဘားအံ၊ ကော့ကရိတ်နှင့် မြဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက ၂၀၀၆-၂၀၀၇ခုနှစ် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ် အစီရင်ခံစာများကို ဗိုလ်မှူးကြီး ခင်ကြူးထံ ပေးအပ်သည်။

**ပြိုင်ပွဲကျင်းပ**

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးကျော်သိန်းက ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြိုင်ပွဲကိုကျင်းပရာ တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ပြိုင်ပွဲဝင် ကောက်စိုက်လုံမေများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယ၊တတိယနှင့် နှစ်သိမ့်ဆုရရှိသော အဖွဲ့များအား တိုင်းမှူး၏ ဇနီး ဒေါ်မြင့်မြင့်စိုးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ပထမရရှိသော ကော့ကရိတ်မြို့နယ် ကောက်စိုက်အဖွဲ့အား တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီး၊ တက်ရောက်လာကြသူများသည် စိုက်ပျိုးရေး ပညာပေးစခန်းရှိ လယ်ယာမြေများအတွင်း ငါးခုံးမ သားပေါက်ကောင်ရေ ၅၀၀၀၀ကို ငါးမျိုးစိုက်ထည့်ပေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ကရင်ပြည်နယ်ဥက္ကဋ္ဌတို့သည် ဘားအံမြို့နယ် ဇာသပြင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ ဇာသပြင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဘချစ်နှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုးမြင့်တို့က ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး**

ထို့နောက် တိုင်းမှူးဗိုလ်မှူးချုပ်သက်နိုင်ဝင်းက ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စာသင်ခန်းများအတွင်းလှည့်လည်ကြည့်ရှုအားပေးကြသည်။ **(ယာပုံ)**

**ပေးအပ်လှူဒါန်း**

ယင်းနောက် သင်ထောက်ကူပစ္စည်းများနှင့် အလှူငွေများပေးအပ်လှူဒါန်းရာ တိုင်းမှူးဗိုလ်မှူးချုပ်သက်နိုင်ဝင်းက သင်ထောက်ကူပစ္စည်းများကိုလည်းကောင်း၊ ကရင်ပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ကွန်ပျူတာ ငါးလုံးကိုလည်းကောင်း၊ ဘားအံခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကိုကိုကြီးက မီးအားမြှင့်စက်များကို လည်းကောင်း၊ ဇာသပြင်ကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဝေက အလှူရှင်များကိုယ်စား အလှူငွေကျပ် ၁၃ သိန်းကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းသည်။ **(သတင်းစဉ်)**



# လယ်ဝေးမြို့နယ် ကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၇**

ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို စက်တင်ဘာ ၆ရက်တွင်လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် နယ်မြေတာဝန်ခံ ဦးဘိုနီကအသင်းလှုပ်ရှားဆောင်ရွက်မှုများ၊ စည်းရုံးရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

**ဆုချီးမြှင့်**

ဆက်လက်၍ လယ်ဝေးမြို့နယ်အတွင်း ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာမှ တစ်ဘာသာအထိ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ၄၄ ဦး တို့အား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။

ထို့နောက် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၌ ခရိုင်အဆင့် ဒုတိယဆုရရှိသည့် ကောက်စိုက်အဖွဲ့၊ ကရဏာရှင်များ လူမှုရေးအသင်း၊ပါရမီသွေးလှူရှင်များအသင်း၊ တက္ကသိုလ်ပညာသင်စရိတ်ထောက်ပံ့ရေးအကျိုးဆောင်အဖွဲ့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စေတနာညကျောင်း တို့သို့ တာဝန်ရှိသူများက အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

**အကြံပြုဆွေးနွေး**

ထို့နောက် လယ်ဝေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏နှစ်ပတ်လည်အစီရင်ခံစာကို မြို့နယ်အလုပ်အမှုဆောင်အဖွဲ့က တင်သွင်းပြီး ကဏ္ဍအလိုက် အစီရင်ခံစာများအပေါ် ရပ်ကွက်စည်းရုံးရေးမှူးများက အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် မြို့နယ်အသင်းအတွင်းရေးမှူး ဦးဌေးဝင်းက ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အာဆီယံ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ကျင်းပပြီးစီး

**နေပြည်တော် စက်တင်ဘာ ၇**

(၁၇)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေး အဆင့်မြင့်အရာရှိကြီးများ၏အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် မန္တလေးမြို့ရှိ ဆီဒိုးနားဟိုတယ်၌ နောက်ဆုံးနေ့အဖြစ် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံမှ Mr. Haji Mohd. Said bin Pehin Dato Haji Hashimနှင့် တွဲဖက်သဘာပတိအဖြစ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူး ဦးသန်းဆွေတို့က ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များက (၁၇)ကြိမ်မြောက် အာဆီယံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဆင့်မြင့်အရာရှိကြီးများ၏အစီရင်ခံစာနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းကြပြီး အပြီးသတ် အတည်ပြုကြကာ မွန်းလွဲပိုင်းတွင် အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

ညပိုင်းတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်က တတိယအကြိမ်မြောက်အာဆီယံ မိတ်ဖက်နိုင်ငံများ အစည်းအဝေးသို့ တက်ရောက်ကြသည့် ကိုယ်စားလှယ်များအား မန္တလေးမြို့ရှိ ဆီဒိုးနားဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အဖ ဦးပုလေးအား ရည်စူး၍ အမိ ဒေါ်အမာအား အမှူးထားပြီး လော့အင်ဂျလိစ်မြို့နေ ဦးတင်ထွန်း-ဒေါ်ခင်စန်းရင်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးဦးမောင်မောင် လက်ခံယူစဉ်။** (က-ပ)




# အာဆီယံနိုင်ငံများ၏ လျှပ်စစ်ပစ္စည်းဆိုင်ရာဥပဒေများ ကောင်းမွန်မှန်ကန်စွာ သတ်မှတ်နိုင်ရေး အလုပ်ရုံဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၇

**အာဆီယံ-ဩစတြေးလျ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ကြီးမှူးကျင်းပသော အာဆီယံနိုင်ငံများ၏ လျှပ်စစ်ပစ္စည်းဆိုင်ရာဥပဒေများ ကောင်းမွန်မှန်ကန်စွာသတ်မှတ်နိုင်ရေး အတွက် ဒုတိယအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၆ ရက်တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီးဦးကျော်စိုးက အဖွင့်အမှာစကားပြောကြားသည်။**

**တက်ရောက်**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ အာဆီယံ အဖွဲ့ဝင် နိုင်ငံများဖြစ်ကြသော ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ စံချိန်စံညွှန်းလုပ်ငန်းဆိုင်ရာ အကြီးအကဲများနှင့် အာဆီယံ-ဩစတြေးလျ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်မှ ကျွမ်းကျင်သူများ၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် စက်မှုဇုန်များမှ လျှပ်စစ်ပစ္စည်း ထုတ်လုပ်ရေးနှင့် သက်ဆိုင်သော ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အာဆီယံဒေသတွင်း လျှပ်စစ်ပစ္စည်း စံချိန်စံညွှန်းများတစ်ပြေးညီသတ်မှတ်နိုင်ရေး အတွက်ဒေသတွင်းနိုင်ငံများအချင်းချင်း လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများ၊ လမ်းညွှန်ချက်များကို တစ်ပြေးညီ ဖြစ်စေရေးအတွက် ဆွေးနွေးညှိနှိုင်း ချမှတ်မှုများနှင့် အာဆီယံဒေသ အတွင်း လက်ခံကျင့်သုံးသွားနိုင်မည့် အပြည်ပြည်ဆိုင်ရာ လျှပ်စစ်ပစ္စည်း စံချိန်စံညွှန်းများကို ညှိနှိုင်းမှုများ ပြုလုပ်သွားကြမည်ဖြစ်သည်။

**စံချိန်စံညွှန်းဖွံ့ဖြိုးမှု**

အလားတူ စက်တင်ဘာ ၅ ရက်တွင်လည်း အာဆီယံ-ဩစတြေးလျ ပူးပေါင်း ဆောင်ရွက်မှု အစီအစဉ်ဖြင့် CLMV နိုင်ငံများ၏ တတိယအကြိမ်မြောက် အမျိုးသားစံချိန်စံညွှန်း ဖွံ့ဖြိုးမှုပုံစံဆိုင်ရာ ဒေသတွင်း ဆွေးနွေးပွဲကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ကြီးမှူး၍ အဆိုပါဟိုတယ်၌ ကျင်းပခဲ့သည်။

**ဆွေးနွေးညှိနှိုင်း**

အဆိုပါ ဆွေးနွေးပွဲသို့ အာဆီယံဒေသတွင်းရှိ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များတက်ရောက်ကြပြီး အာဆီယံဒေသအတွင်း စံချိန်စံညွှန်းများ တစ်ပြေးညီ သတ်မှတ်ရေးလုပ်ငန်းနှင့် အမျိုးသား စံချိန်စံညွှန်းနှင့် သက်ဆိုင်သောအဖွဲ့အစည်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ထုံးလုပ်နည်း ဆိုင်ရာမူဝါဒလမ်းညွှန်ချက်များကို ဆွေးနွေး ညှိနှိုင်းမှုများ ပြုလုပ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ယောနယ်အသင်း(ရန်ကုန်) စာအောင်ဆုချီးမြှင့်ပွဲ

**ရန်ကုန် စက်တင်ဘာ ၇**

ယောနယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ (၃၈)ကြိမ်မြောက် ယောသံဃာတော်များအား ဆွမ်းဆက်ကပ် လှူဒါန်းပွဲနှင့် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ ယောဆရာတော် ဦးဆောင်၍ စာအောင်ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၈ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် အမှတ်၄၅/၅၀ ကမ္ဘာအေးဘုရားလမ်း အဘိဓမ္မာရတနာဃရဗိမာန်တော်၌ကျင်းပမည်ဖြစ်သည်။ နိုင်ငံတော်ကကျင်းပသော ငယ်၊လတ်၊ကြီးအောင် ဓမ္မာစရိယ(ကျမ်းပြီး)ပုဂ္ဂိုလ်များသည် စက်တင်ဘာ ၃၀ရက်(စနေနေ့) နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးအေးမောင် အမှတ်၅၂ လမ်း၃၀ ဖုန်း-၂၄၀၆၁၄၊ဒုဥက္ကဋ္ဌဦးအောင်မြ အမှတ်၁၄၀ ၃၇လမ်း ဖုန်း-၂၅၂၈၁၁၊ အတွင်းရေးမှူးဦးသာလှ အမှတ်၉၉ ဆိပ်ကမ်းသာလမ်း ဖုန်း-၃၈၀၄၄၈တို့သို့ လျှောက်လွှာတင်သွင်းတော်မူကြပါရန်နှင့် ပင့်လျှောက် စာမရသေးသော သံဃာတော်များ ဥက္ကဋ္ဌထံရယူ၍ ပင့်လျှောက်လွှာဖြင့် တစ်ပါတည်း ကြွရောက်ပါရန်ဖိတ်ကြားထားကြောင်း၊ လှူဖွယ်ပစ္စည်းကိုလည်း အထက်ပါပုဂ္ဂိုလ်တို့ထံ ကြိုတင်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ပြည် အထက(၁) အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၇**

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၄ရက် နံနက် ၇နာရီတွင် အဆိုပါ ကျောင်း အောင်သော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အနားယူသွားကြသော သက်ပြည့် ဆရာကြီး၊ ဆရာမကြီးများ ကြွရောက်ကြပါရန်နှင့် ကျောင်းသားဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ အလှူငွေများကို ဦးစောမြင့် ဖုန်း-၀၅၃-၂၁၅၇၀၊ ဦးသန်းအောင် ဖုန်း-၀၅၃-၂၁၁၁၈၊ ဒေါ်ထွားတင် ဖုန်း-၀၅၃-၂၅၁၁၈၊ ဦးအောင်လင်းစိုး ဖုန်း-၀၅၃-၂၅၃၂၅၊ ဦးမောင်မောင်ကြည် ဖုန်း-၀၁-၂၅၄၇၈၂၊ ဒေါက်တာထိန်ဝင်း ဖုန်း-၀၁-၂၅၄၈၅၁နှင့် ဦးခင်မောင်နီ ဖုန်း-၀၁-၂၈၁၁၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

# မီးဘေးကာကွယ်တားဆီးရေး ပညာပေးသရုပ်ပြ

**ရန်ကုန် စက်တင်ဘာ ၇**

မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေး ပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ဩဂုတ်၃၁ ရက် မွန်းလွဲ၂နာရီက ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တည်ရှိရာ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ် ၂၉ရှိ UMFCCI Office Towerအဆောက်အအုံသစ်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ဦးအောင်ကျော်မြင့်တို့က အမှာစကားပြောကြားသည်။ ယင်းနောက် မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းက အထပ်မြင့်အဆောက်အအုံ၌ မီးလောင်မှု အသက်ကယ်ဆယ်ရေးလုပ်ငန်းများအကြောင်းကို ပညာပေးဟောပြောသည်။ ဆက်လက်၍ မြန်မာသီဟ ဝန်ဆောင်မှုကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးကျော်မင်းဦးက မီးငြိမ်းသတ်နိုင်မည့် မီးသတ်ဆေးဘူးများအကြောင်းကို ရှင်းလင်းပြောကြားပြီး မီးငြိမ်းသတ်နည်းကို သရုပ်ပြသသည်။ **(သတင်းစဉ်)**



တရုတ်နိုင်ငံရှိ မဟာတံတိုင်းပေါ်တွင် ပေကျင်း ၂၀၀၈ အိုလံပစ် အကြို အားကစားပြိုင်ပွဲ အထိမ်းအမှတ် လီလီအမည်ရှိ လာဘ်ကောင် ရုပ်များ တပ်ဆင်ပြသထားသည်ကို စက်တင်ဘာ ၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)




# တရုတ်၊ ရုရှား၊ တောင်ကိုရီးယားနှင့် ဂျပန် လေးနိုင်ငံ ပင်လယ်ရေကြောင်းခရီး လမ်းကြောင်းသစ်ကိုသဘောတူ

ချန်ချွန် စက်တင်ဘာ ၇

**တရုတ်နှင့် ဂျပန်နှစ်နိုင်ငံတို့၏ ကုန်ပစ္စည်းနှင့် ခရီးသည်များ သယ်ယူပို့ဆောင်ရေးအတွက် ပင်လယ်ရေကြောင်း ခရီးလမ်းကြောင်းသစ်တစ်ခုကို ပူးတွဲအကောင်အထည်ဖော်ရန် တရုတ်၊ ရုရှား၊ ဂျပန်နှင့် တောင်ကိုရီးယား နိုင်ငံတို့က သဘောတူလိုက်ပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနက စက်တင်ဘာ ၅ ရက်၌ သတင်းထုတ်ပြန်သည်။**

**ပြေးဆွဲ**

ထိုရေလမ်းခရီးမှာ စုစုပေါင်း အရှည်မိုင် ၈၀၀ခန့်ရှိပြီး တရုတ်နိုင်ငံ ကျိလင်ပြည်နယ်၏ အရှေ့မြောက်ပိုင်း ဟွေချွန်ဆိပ်ကမ်းမှ ဂျပန်နိုင်ငံ နီဂါတာ ဆိပ်ကမ်းသို့ ပြေးဆွဲမည်ဖြစ်ရာ လမ်းခရီးတစ်ထောက်အဖြစ် ရုရှားနိုင်ငံ ဇာရူဘီနို ဆိပ်ကမ်းနှင့် တောင်ကိုရီးယားနိုင်ငံ ဆိုခိုဆိပ်ကမ်းများတွင် ရပ်နားမည် ဖြစ်သည်။

**တိုက်ရိုက်တင်ဆောင်**

အဆိုပါ ရေလမ်းခရီးကြောင်းမှာ ဟွေချွန်၊ ဇာရူဘီနို၊ ဆိုခို၊ နီဂါတာ ဆိပ်ကမ်းမြို့များအတိုင်း ရေလမ်းခရီးဖြစ်ပြီး ထိုလေးနိုင်ငံအကြား ကုန်စည်နှင့် ခရီးသည်များကို တိုက်ရိုက်တင်ဆောင် ခုတ်မောင်းပေးနိုင်မည့် ခရီးစဉ်လည်းဖြစ်သည်ဟု တရုတ်နိုင်ငံ ဟွေချွန်မြို့မှ ဒုတိယ မြို့တော်ဝန် ရန်ပူယူက ပြောကြားသည်။

**အကောင်အထည်ဖော်**

ထိုသို့ သဘောတူညီမှုကို ဟွေချွန်မြို့ အာဏာပိုင်များ၊ ရုရှားနိုင်ငံ၏ ပရီမောစကီရီဂျင်ဘာကုပ်လုပ်ငန်း၊ တောင်ကိုရီးယား၏ ဒွန်ချန်သင်္ဘောလုပ်ငန်းနှင့် ဂျပန်နိုင်ငံ၏ အာရှအရှေ့မြောက်ဒေသဆိုင်ရာ စီးပွားရေးသုတေသနလုပ်ငန်းတို့က စက်တင်ဘာ ၃ ရက်၌ သဘောတူခဲ့ကြခြင်းဖြစ်ပြီး လာမည့်နှစ် အစောပိုင်းကာလ၌ အကောင်အထည်ဖော်မည်ဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# လက်ဘနွန်နိုင်ငံသို့ ဖင်လန်တပ်ဖွဲ့ဝင် ၂၅၀ စေလွှတ်မည်

**ဟယ်ဆင်ကီ စက်တင်ဘာ ၇**

လက်ဘနွန်နိုင်ငံတွင် ကုလသမဂ္ဂတပ်ဖွဲ့ဝင်များနှင့်အတူ ငြိမ်းချမ်းရေးထိန်းသိမ်းမှုလုပ်ငန်းများ ပူးတွဲဆောင်ရွက်ရန် ဖင်လန်နိုင်ငံမှ တပ်ဖွဲ့ဝင်၂၅၀ကို စေလွှတ်ကူညီပေးမည်ဖြစ်ကြောင်း၊ ထိုတပ်ဖွဲ့ဝင်များသည် မိုင်းများရှင်းလင်းရေးနှင့် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ရန်ဖြစ်ကြောင်း ဖင်လန်ဝန်ကြီးချုပ် မက်တီဗင်ဟာနန်က စက်တင်ဘာ ၄ ရက်၌ ပြောကြားသည်။

**တာဝန်ယူကူညီ**

ဖင်လန်တပ်ဖွဲ့ဝင်များသည် လက်ဘနွန်နိုင်ငံတောင်ပိုင်း၌ မပေါက်ကွဲသေးသောဗုံးများနှင့် မြေမြှုပ်မိုင်းများကို ဖယ်ရှားရှင်းလင်းရေးတွင် တာဝန်ယူကူညီဆောင်ရွက်ပေးမည်ဟုလည်း ၎င်းကပြောကြားသည်။

**ကုန်ကျခံ**

အဆိုပါ ဖင်လန်တပ်ဖွဲ့ဝင်များကို အောက်တိုဘာ နောက်ဆုံးထားပြီး လက်ဘနွန်နိုင်ငံသို့ စေလွှတ်မည်ဖြစ်သည်။ ထိုတပ်ဖွဲ့ဝင်များအတွက် ၂၀၀၇ခုနှစ်အထိ ကုန်ကျငွေအဖြစ် အမေရိကန်ဒေါ်လာ ၂၁ဒသမ ၁ သန်းခန့် ရှိမည်ဖြစ်ရာ ဖင်လန်က ကုန်ကျခံမည်ဖြစ်သည်။

လက်ဘနွန်နိုင်ငံတွင် ကုလသမဂ္ဂ၏ အပစ်အခတ်ရပ်စဲရေး ဆုံးဖြတ်ချက် သတ်မှတ်ပြီးနောက် လေးရက်အကြာတွင် ဖင်လန်နိုင်ငံက အကူအညီပေးရေး တပ်ဖွဲ့ဝင်များ စေလွှတ်ပေးမည်ဟု ပြောကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဗီယက်နမ်၏ ငရုတ်ကောင်းတင်ပို့မှု ရှစ်လအတွင်း တန်ချိန်တစ်သိန်းကျော်ရှိ

**ဟန္နိုင်း စက်တင်ဘာ ၇**

ကမ္ဘာပေါ်တွင် ငရုတ်ကောင်း ပြည်ပတင်ပို့မှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် ဗီယက်နမ်နိုင်ငံက ယခုနှစ် ပထမ ရှစ်လတာကာလအတွင်း ပြည်ပသို့ ငရုတ်ကောင်း တန်ချိန်ပေါင်း ၁၀၂၀၀၀တန် တင်ပို့နိုင်ခဲ့ရာ တန်ဖိုးငွေ အမေရိကန်ဒေါ်လာ ၁၄၉ သန်းခန့်ရှိခဲ့ကြောင်း၊ ထိုသို့ တင်ပို့နိုင်မှုသည် နှစ်ချင်းအလိုက် တိုးတက်မှု ၃၄ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၄၃ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**သတင်းထုတ်ပြန်**

ထိုသို့ နှစ်စဉ် ငရုတ်ကောင်း ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်မှုသည် ကမ္ဘာ့ဈေးကွက်၌ ငရုတ်ကောင်း ဝယ်လိုအား မြင့်မားနေခြင်းကြောင့် ဖြစ်ကြောင်း ဗီယက်နမ်ငရုတ်ကောင်း အဖွဲ့ချုပ်က စက်တင်ဘာ ၅ ရက်၌ သတင်းထုတ်ပြန်သည်။

**တင်ပို့**

ဗီယက်နမ်နိုင်ငံ၏ ငရုတ်ကောင်းများကို ယခင်က ဥရောပ၊ အမေရိကန်နှင့် ဂျပန်နိုင်ငံများသို့ တင်ပို့ခဲ့သော်လည်း ၂၀၀၅ ခုနှစ်မှ စတင်ကာ ဥရောပ၊ အမေရိကန်၊ ရုရှား၊ တရုတ်၊ စင်ကာပူ အပါအဝင် ဈေးကွက် ၇၃ ခုသို့ တင်ပို့ခဲ့သည်။ ထိုနှစ်က ငရုတ်ကောင်းတင်ပို့မှု တန်ချိန်မှာ ၁၁၀၀၀၀ တန်ဖြစ်ပြီး တန်ဖိုးငွေမှာ အမေရိကန် ဒေါ်လာ ၁၅၂ သန်းရရှိခဲ့သည်။

**ထွက်ရှိ**

ဗီယက်နမ်နိုင်ငံတွင် ယခုအခါ ငရုတ်ကောင်းစိုက်ဧရိယာ ဟက်တာ ၅၂၅၀၀ ရှိရာ ပျမ်းမျှထွက်နှုန်းမှာ တစ်ဟက်တာလျှင် ငရုတ်ကောင်း ၂ ဒသမ ၃ တန်ထွက်ရှိလျက်ရှိကြောင်း၊ ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဘန်ဖုသ် ပြည်နယ်တစ်ခုတည်း၌ပင် ငရုတ်ကောင်းစိုက် ဟတ်တာ၁၃၅၀၀ရှိကြောင်း ဗီယက်နမ်ငရုတ်ကောင်းအဖွဲ့ချုပ်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အီရတ်၌ ကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံး

**ဘဂ္ဂဒက် စက်တင်ဘာ ၇**

အီရတ်နိုင်ငံ အယ်အန်ဘာပြည်နယ်တိုက်ပွဲတွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်နှင့် သင်္ဘောသားနှစ်ဦးတို့ သေဆုံးကြောင်း အမေရိကန်စစ်ဘက်ကြေညာချက်တွင် အင်္ဂါနေ့က ဖော်ပြထားသည်။

**ကြေညာ**

ရန်သူ၏ တိုက်ခိုက်မှုကြောင့် တိုက်ခိုက်ရေးတပ်ရင်း အမှတ်(၅)မှ အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင် သုံးဦး သေဆုံးရခြင်းဖြစ်သည်ဟုသာ ကြေညာချက်တွင် ဖော်ပြပြီး အသေးစိတ်ကို ဆက်လက်မဖော်ပြပေ။

**ကျူးကျော်ဝင်ရောက်**

၂၀၀၃ ခုနှစ် မတ်လတွင် အမေရိကန်နှင့်အပေါင်းပါများက အီရတ်ကို ကျူးကျော်ဝင်ရောက်ပြီး နောက်ပိုင်းတွင် အီရတ်၌သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၂၆၅၃ဦးရှိကြောင်း ဆင်ဟွာက ပြောဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား

### ကမ္ဘာ့ အသေးငယ်ဆုံး ဆိုင်ကယ်ဖြင့် စွမ်းရည်ပြသူ



**ကမ္ဘာ့ အသေးငယ်ဆုံး ဆိုင်ကယ်စီးကာ စွမ်းရည် ပြသနေသူ တစ်ဦးကို တွေ့ရစဉ်။** (ယာပုံ)

စပိန်နိုင်ငံ အရှေ့တောင်ပိုင်း အယ်မီးရီးရာမြို့တွင် ကမ္ဘာ့အသေးငယ်ဆုံးဆိုင်ကယ်လေးကို ဘီးတစ်ဘီးတည်းဖြင့်စီးကာ စပိန်နိုင်ငံသား အီမီလိုဇာမိုရာက စွမ်းရည်ပြသခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

### အပင်များဖြင့် ပြုလုပ်ထားသော ရုပ်တုပွဲတော်



**အပင်ငယ်လေး များစွာဖြင့် ပေါင်းစု ပြုလုပ်ထားသော ရုပ်တုများကို တွေ့ရစဉ်။** (ဝဲပုံ)

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပမည့် နိုင်ငံတကာ အပင်ရုပ်တုပွဲတော်တွင် ပန်းပင်များအပါအဝင် အခြား အပင်ငယ်လေးပေါင်း များစွာဖြင့် လူမျက်နှာပုံနှင့် အခြားရုပ်ပုံများကို စိတ်တိုင်းကျပြုလုပ်ကာ ဆင်နွှဲခဲ့ကြောင်း သိရသည်။ ၎င်းပွဲတော်ကို စက်တင်ဘာ ၁၅ ရက်မှ နိုဝင်ဘာ ၃၀ရက်အထိခင်းကျင်းပြသသွားမည် ဖြစ်သည်။ **(အင်တာနက်)**

# သီတဂူဆရာတော်အရှင်ဉာဏိဿရ ကျောက်ပန်းတောင်းမြို့ သာသနာ့ဗိမာန်၌ တရားတော်များ ဟောကြားမည်

ရန်ကုန် စက်တင်ဘာ ၇

**စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် အရှင်ဉာဏိဿရ (D.Litt, Ph.D)သည် စက်တင်ဘာ၉ရက်(စနေနေ့)ည ၇နာရီတွင် ကျောက်ပန်းတောင်းမြို့ သာသနာ့ဗိမာန်တော်ကြီး သီတဂူဓမ္မပလ္လင်၌ တရားတော်များကို ဟောကြားတော်မူမည်ဖြစ်သည်။** (သတင်းစဉ်)

# ၁၂လအတွင်း ရာထူးမှနုတ်ထွက်ပေးမည်ဟု ဝန်ကြီးချုပ်တိုနီဘလဲ အတည်ပြုပြောကြား



ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ

**လန်ဒန် စက်တင်ဘာ ၇**

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲသည် လာမည့် ၁၂လအတွင်း ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပေးမည်ဖြစ်ကြောင်း ၎င်းက အတည်ပြုပြောကြားလိုက်သည်ကို စက်တင်ဘာ၇ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

**ကွန်ဖရင့်**

ဝန်ကြီးချုပ်တိုနီဘလဲက အထက်ပါကိစ္စနှင့် စပ်လျဉ်း၍ သုံးပတ်အတွင်း လေဘာကွန်ဖရင့်တစ်ရပ် ကျင်းပမည်ဖြစ်ကြောင်းလည်း လန်ဒန်မြို့ ကျောင်းတစ်ကျောင်း၌ ရောက်ရှိစဉ် ပြောကြားသည်။

သို့ရာတွင် ကွန်ဖရင့်ကျင်းပမည့် ရက်စွဲအတိအကျနှင့် တိုနီဘလဲ၏ အနာဂတ်နှင့် ပတ်သက်၍ အတိအကျ ပြောကြားခြင်း မရှိချေ။

**စိတ်ဝင်စား**

တိုနီဘလဲရာထူးမှ နုတ်ထွက်ရေးနှင့် စပ်လျဉ်း၍ ဗြိတိန်နိုင်ငံက စိတ်ဝင်စားလျက်ရှိသည်။

ယင်းကဲ့သို့ ဝန်ကြီးချုပ်၏ပြောဆိုချက်များသည် ၎င်း၏ အနာဂတ်အတွက် ထင်မြင်ချက်များ ပေးနေကြခြင်းကို အဆုံးသတ်စေလိမ့်မည်ဖြစ်ကြောင်း မစ္စတာဘလဲအား ထောက်ခံသူများက မျှော်လင့်ထားကြသည်။

သို့ရာတွင် လေဘာပါတီအတွင်း ပြည်တွင်းစစ်ပွဲကို အဆုံးသတ်ရန်မှာ လုံလောက်လိမ့်မည်မဟုတ်ကြောင်း အခြားလေဘာပါတီအဖွဲ့ဝင်များက ပြောကြားသည်။

**ဖိအားပေး**

မစ္စတာဘလဲသည် အင်္ဂလန်၊ စကော့တလန်နှင့် ဝေလတို့တွင် ရွေးကောက်ပွဲများ မကျင်းပမီ ခေါင်းဆောင်သစ်ရွေးချယ်ရန်အလို့ငှာ မေလထက်စော၍ ရာထူးမှ နုတ်ထွက်ပေးရန် ဖိအားပေးခြင်းခံနေရသည်။ **(အင်တာနက်)**

● **ရှေ့ဖုံးမှ**

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ရွှေကူမြို့နယ် ငါးဘတ်ကြီးကျေးရွာ၌ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းပေါင်းစုံ၏ ၁၈၈၉ဧက စုပေါင်းခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကြက်ဆူပင် တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆွေးနွေးမှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ဗန်းမော်မြို့နယ် ကောင်းတုံကျေးရွာရှိ မဟာအောင်မြေစေတီတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး စေတီတော်အာရုံခံ တန်ဆောင်း၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာဥက္ကဋ္ဌနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးအတွက် ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဒေသခံပြည်သူများက လုပ်ငန်းလိုအပ်ချက်များ ရှင်းလင်းတင်ပြပြီး တိုင်းမှူးကလိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် ကောင်းတုံကျေးရွာအဝင်လမ်း စုပေါင်းပြုပြင်ဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားညွှန်ကြားဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ **ရှေ့ဖုံးမှ**

နံနက်၁၀နာရီတွင် တိုင်းမှူးသည် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၂၀၀၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တက်ရောက်အားပေးသည်။

**ဆုများချီးမြှင့်**

အစီအစဉ်အရ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိကြသူများအား တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆုချီးမြှင့်ပွဲအပြီးတွင် ဆုရရှိကြသူများက ပြိုင်ပွဲဝင် အဆို၊ အက၊ အတီးတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တိုင်းမှူး နှင့်ဇနီး၊ ဧည့်ပရိသတ်များက ကြည့်ရှု အားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)ဦးမောင်ပါ စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက ကျောက်တံတားမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း စကားဝါဆောင်ခန်းမ၌ ကျင်းပသော ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘ ဆရာနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးရရှိခဲ့သော ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။** (က-ပ)





**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ကလေးမြို့ ဗိုလ်ချုပ်လမ်းနေ ဦးပြုံးစိန်-ဒေါ်ကူး (ရွှေရတနာရောင်းဝယ်ရေး)၊ သား မောင်နိုင်ဝင်း၊ မောင်ကျော်ဝင်းဟန်၊ သမီး မမွန်မွန်ကြွယ်မိသားစုက အလှူတော်ငွေကျပ် သုံးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းအကျိုးဆောင်ဆရာတော်ဦးသုန္ဒရ(လုမ္ဗိနီ)အမှုဆောင်ဆရာတော်ဦးဝိနယ(ဝံသမေဒနီစာသင်တိုက်)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်အတွက် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းဘုရားလမ်း အမှတ် ၂/၄၆ (ဂ) ဦးသန့်ဇင်မြတ်-ဒေါ်သင်းသင်းရွှေ၊ သမီး မစုမြတ်စန္ဒီ၊ မချောစုလတ်စန္ဒီ မိသားစုက အလှူတော်ငွေကျပ် နှစ်သိန်းခွဲကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဦးဝိနယ(ဝံသမေဒနီစာသင်တိုက်)ထံသို့ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

# ရွှေရင်အေးစေတီတော်ကုသိုလ်ပါဝင်လှူဒါန်းနိုင်

**ရန်ကုန် စက်တင်ဘာ ၇**

မော်လမြိုင်ကျွန်းမြို့နယ် ထူတောကမြကျေးရွာအုပ်စု ကုန်းတန်းကြီးတွင် ရေးနှစ်ပေါင်းများစွာက တည်ထားကိုးကွယ်ခဲ့သော ရွှေပြည်အေးစေတီတော်အား သာသနာ့အကျိုးဆောင်ဆရာတော် ကေလာသဦးစီးပြီး ပြန်လည်မွမ်းမံ ပြုပြင်လျက်ရှိရာ အောက်ခြေ ဘုရားပုရိဝုဏ် ပြီးစီးပြီဖြစ်၍ လာမည့် နတ်တော်လ၌ မွမ်းမံပြင်ဆင်မှုများ အချောသပ်မည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများ ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဖုန်း-၀၉-၈၉၂၂၅၈၄သို့ဆက်သွယ် လှူဒါန်းနိုင်သည်။

**လှူဒါန်းနိုင်**

စေတီတော် ပြုပြင်ရန်အတွက် ဩဂုတ် ၂၈ ရက်က ရန်ကုန်မြို့နေ ဆရာဦးဝင်းမောင်၊ သမီး မရူပါဝင်း၊ မသဇင်ဝင်းနှင့် မြတ်စေတနာနှင့် မြတ်မေတ္တာ သူနာပြုအကူသင်တန်းသားများက ငွေကျပ် ငါးသိန်းကို စေတီတော် ဂေါပကအဖွဲ့ထံ လှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

# နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၆ ခုနှစ် စက်တင်ဘာလအတွက်**

**(၁၀-၉-၂၀၀၆)ရက်နေ့**

**နှင့်**

**(၂၄-၉-၂၀၀၆) ရက်နေ့**

* *ကျောဖုံးမှ*

ပလူတိုဂြိုဟ်ကို လွန်ခဲ့သည့် ၁၉၃၀ ပြည့်နှစ် အမေရိကန်နိုင်ငံသား ကလီဒီတွမ်ဘိုးက တွေ့ရှိခဲ့ခြင်းဖြစ်ပြီး နေစကြဝဠာအဖွဲ့အစည်းတွင် ဂြိုဟ်ကြီးတစ်ခုအဖြစ် ထည့်သွင်းသတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဂြိုဟ်ကြီးကိုးလုံးရှိသည်ဟူသော သတ်မှတ်ချက်မှ ဂြိုဟ်ရှစ်လုံးသာရှိသည်ဟူသောအဖြစ်ကို အချို့သော နက္ခတ္တဗေဒပညာရှင်များက လက်မခံကြချေ။ ပလူတိုဂြိုဟ်သည် အရွယ်အစားသေးငယ်ပြီး နေစကြဝဠာအဖွဲ့အစည်းတွင် ဂြိုဟ်အဖြစ်စံပြုထားရှိရမည့် အနေအထားမျိုးမရှိကြောင်းဆိုသည့်အချက်ကို မိမိတို့လက်ခံကြောင်း၊ သို့သော်လည်း ပလူတိုဂြိုဟ်သည် နေစကြဝဠာအဖွဲ့အစည်းတွင် ဟန်ချက်ညီစွာပါဝင်နေကြောင်း၊ အာကာသဆိုင်ရာကိစ္စရပ်များ၊ နက္ခတ်တာရာဆိုင်ရာ လေ့လာရေးအချက်အလက်များနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင်ရှိသော နက္ခတ္တဗေဒပညာရှင်များ အတွက် လွန်စွာအကျိုးပြုကြောင်း၊ ထို့ကြောင့် ပလူတိုကို နေစကြဝဠာအဖွဲ့အစည်းဖြစ်သည့် ဂြိုဟ်ကြီးကိုးလုံးမှ ဖယ်ထုတ်မပစ်သင့်ကြောင်း နက္ခတ္တဗေဒပညာရှင်တစ်ဦးဖြစ်သည့် ဂျာမိန်းကယ်လီက ပြောကြားသည်။

**ဂြိုဟ်မွှားတစ်ခုအဖြစ်**

ယခုအခါ ကမ္ဘာ့နက္ခတ္တဗေဒပညာရှင်အချို့က စောဒကတက်မှုများ ရှိနေသော်လည်း ချက်နိုင်ငံ ပရာဟာမြို့တွင် မကြာမီက ကျင်းပခဲ့သည့် ပညာရှင် ၂၅၀၀ ခန့်တက်သော အစည်းအဝေး၌ ပလူတိုဂြိုဟ်ကို ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခုသာ သတ်မှတ်လိုက်ပြီဖြစ်သည်။

ပညာရှင်များအနေဖြင့် ပလူတိုဂြိုဟ်၏ အရံဂြိုဟ်များဖြစ်ပြီး ပလူတိုထက်အရွယ်အစားကြီးမားသည့် ချာရွန်နှင့် တရားဝင်အမည်မပေးရသေးသည့် ဇီနာအမည်ရှိဂြိုဟ်များကို ဂြိုဟ်အနေအထား မည်သည့်အဆင့်ပေးမည်ကိုလည်း လေ့လာလျက်ရှိသည်။

အကယ်၍ နေစကြဝဠာအဖွဲ့အစည်းတွင် အဆိုပါအရံဂြိုဟ်သုံးခုကို ထပ်မံပေါင်းခြင်းဖြင့်လည်း ဂြိုဟ်အနေအထား၊ နေစကြဝဠာအဖွဲ့အစည်းအနေအထားသည် သိသိသာသာ ပြောင်းလဲသွားမည် မဟုတ်သော်လည်း ဂြိုဟ်အရေအတွက်သည် ပိုမိုတိုးလာမည်ဖြစ်သည်။

**အကွာအဝေး**

ပလူတို၏ အရံဂြိုဟ်ဖြစ်သည့် ချာရွန်ကို ၁၉၃၀ ပြည့်နှစ်တွင် တွေ့ရှိခဲ့ပြီး နောက်တစ်လုံးဖြစ်သည့် ဇီနာကို ၂၀၀၅ ခုနှစ်က တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ချာရွန်သည် ရေခဲနှင့်ကျောက်များဖြင့် ဖွဲ့စည်းဖြစ်ပေါ်နေသော ဂြိုဟ်ဖြစ်ပြီး ကမ္ဘာဂြိုဟ်မှ ကီလိုမီတာ ၁၉ ဒသမ၆ ဘီလီယံအကွာအဝေး၌ အရပ်၌ရှိသည်။

ဇီနာမှာလည်း ရေခဲနှင့်ကျောက်များဖြင့်ဖွဲ့စည်းထားပြီး ကမ္ဘာဂြိုဟ်မှ ကီလိုမီတာ ၁၅ ဘီလီယံခန့်ကွာဝေးသည်။ ထို့အပြင် ၁၈၀၁ ခုနှစ်က တွေ့ရှိခဲ့သော စီးရပ်ဂြိုဟ်တစ်ခုလည်းရှိနေရာ ယင်းမှာ ဂြိုဟ်ပတ်လမ်းကြောင်းပြင်ပတွင် သီးခြားတည်ရှိနေသောဂြိုဟ်ဖြစ်သည်။ **(ကိုးကား-အင်တာနက်)**

# ရန်ကုန်-မန္တလေး အထူးအမြန် လူစီးရထား စတင်ပြေးဆွဲလျက်ရှိ

**ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အထူးအမြန် လူစီးရထားကို စက်တင်ဘာ ၄ ရက်မှ စတင်ပြေးဆွဲလျက်ရှိရာ ရန်ကုန်-မန္တလေးအထူးအမြန် လူစီးရထားသည် ရန်ကုန်ဘူတာကြီးမှ နေ့စဉ် ညနေ ၅ နာရီတွင်လည်းကောင်း၊ မန္တလေး-ရန်ကုန် အထူးအမြန် လူစီးရထားသည် မန္တလေးဘူတာကြီးမှ နေ့စဉ် ညနေ ၄ နာရီ ၁၅ မိနစ်တွင်လည်းကောင်း ထွက်ခွာမည်ဖြစ်ကြောင်းနှင့် လမ်းခရီးတွင် ပျဉ်းမနားဘူတာ၌သာ ရပ်တန့်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။**

မြန်မာ့မီးရထား။

# စာတတ်မြောက်မှုကို ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်နေအောင် ဆက်လက်ထိန်းသိမ်းနိုင်မှသာ စာဖတ်ခြင်းတန်ဖိုးရှိမည် စာတတ်မြောက်ခြင်းသည် လူတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲရာတွင် စစ်မှန်သောအခွင့်အလမ်းဖြစ်

၂၀၀၆ ခုနှစ် စက်တင်ဘာလ ၈ ရက်

**ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ သဝဏ်လွှာမှာ အောက်ပါ အတိုင်းဖြစ်ပါသည်–**

ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့၏ အဓိကဦးတည်ချက်မှာ စာတတ်မြောက်မှု အခန်းကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်စေရေးပင်ဖြစ်ပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်၊ ဆင်းရဲနွမ်းပါးမှု ပပျောက်ရန်၊ လူမှုရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ရန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရန်တို့အတွက် မရှိမဖြစ်လိုအပ်သော အရာမှာ စာတတ်မြောက်နှုန်းမြင့်မားမှုပင်ဖြစ်သည်ဟု အသိအမှတ်ပြုထားပါသည်။ ထို့ကြောင့် စာတတ်မြောက်ရေးသည် လူ့အဖွဲ့အစည်း၏လူသားရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျကြောင်း ကျွန်ုပ်တို့ကို သတိပေးနေသည်။

စာတတ်မြောက်ရေးသည် မူလတန်းပညာရေးမှစတင်ပါသည်။ ထို့ကြောင့် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှု၏ ရည်မှန်းချက်များအနက်တစ်ခုမှာ ၂၀၁၅ခုနှစ်တွင် လူတိုင်းမူလတန်းပညာသင်ယူနိုင်ရေးသို့ ရောက်ရှိရန်ဖြစ်ပါသည်။ သို့တိုင်အောင် မူလတန်းပညာရေးကို ကလေးတိုင်း မသင်ယူနိုင်သေးကြောင်း တွေ့နေရသည်။ ကမ္ဘာပေါ်တွင် ကျောင်းလုံးဝမနေနိုင်သော ယောကျ်ားလေးနှင့် မိန်းကလေး သန်း ၁၀၀ ကျော်ရှိနေပါသည်။ ကျောင်းတက်နေသည့်တိုင် အရည်အသွေးညံ့ဖျင်းသည့် မူလတန်းပညာရေးကြောင့် ကလေးအချို့မှာ အခြေခံစာတတ်မြောက်မှုဆိုင်ရာ ကျွမ်းကျင်မှုအဆင့်သို့ပင် မရောက်ရှိနိုင်ကြသေးပါ။ တရားဝင်စာရင်းဇယားများအရ ကမ္ဘာပေါ်တွင် အရွယ်ရောက်ပြီးသူ လူဦးရေသန်း ၇၇၀ ကျော်မှာ လုံးဝစာမတတ်မြောက်သေးသူများဖြစ်နေပါသည်။ အဆိုပါကိန်းဂဏန်းတွင် သင်ယူခြင်း၊ နားလည်သဘောပေါက်ခြင်းနှင့် ဆက်သွယ်မှုပြုနိုင်ခြင်း စသည့်နေ့စဉ်လိုအပ်ချက်များကို မပြုလုပ်နိုင်သေးသည့် သန်းပေါင်းများစွာသော လူများမပါဝင်ပါ။

ကမ္ဘာ့နေရာအနှံ့အပြား၌ ဖွံ့ဖြိုးတိုးတက်လာခြင်း၏ အရေးကြီးဆုံးသော ရလဒ်များမှတစ်ခုမှာ စာတတ်မြောက်သူများလာခြင်းနှင့် ပညာတတ်ဦးရေများလာခြင်းပင်ဖြစ်သည်။ တစ်ချိန်တည်းမှာပင် စာတတ်မြောက်ရေးသည် လူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားဖြစ်နေပါသည်။ ၎င်းမောင်းနှင်အားသည် လူသားကိုသင်ယူမှု အခွင့်အလမ်းသစ်များ ပိုမိုရရှိစေပါသည်။ ခေတ်နှင့်အညီပြောင်းလဲနေသော အလုပ်အကိုင်များ၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးနိုင်သည်။ တာဝန်ယူတတ်သည့်စိတ်ဓာတ်ကို ပိုမိုခိုင်မာစေသည်။ ဆင်းရဲနွမ်းပါးမှုကို ကျော်လွှားနိုင်သည့် နည်းလမ်းများကို ဖော်ထုတ်နိုင်သည်။ ထို့အပြင် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ကဲ့သို့သော ရောဂါများမှ မိမိကိုယ်ကို ကာကွယ်တတ်လာစေပါသည်။ အမျိုးသမီးများနှင့် မိန်းကလေးများသည် စာမတတ်ပါက ကျား မ တန်းတူအခွင့်အရေးမရခြင်းနှင့် ခွဲခြားဆက်ဆံခံရမှုကို ခံစားရမည်ဖြစ်ပါသည်။ **“စာတတ်မြောက်ခြင်းသည် အခွင့်အလမ်းပွင့်ခြင်း”**ပင်ဖြစ်သည်ဆိုသော ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ် (၂၀၀၃–၂၀၁၂)၏ အဓိကဦးတည်ချက်ကလည်း ကျွန်ုပ်တို့အား သတိပေးနှိုးဆော်လျက်ရှိနေပါသည်။

စာတတ်မြောက်မှုကိုရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်နေအောင် ဆက်လက်ထိန်းသိမ်းနိုင်မှသာလျှင် စာဖတ်ခြင်းမှာ တန်ဖိုးရှိမည်ဖြစ်ပါသည်။ စာတတ်မြောက်မှုရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေး အစီအစဉ်များ အခွင့်အလမ်းပွင့်ပညာရေးနှင့် သင်တန်းများ၊ စာတတ်မြောက်မှုဝန်းကျင်များကို ဖန်တီးရမည်ဖြစ် ပါသည်။ ယနေ့နိုင်ငံတကာစာတတ်မြောက်ရေးနေ့တွင် ကမ္ဘာအနှံ့အပြား၌ စာတတ်မြောက်မှုအဆင့်များ တိုးမြှင့်ရန်အတွက် ကျွန်ုပ်တို့ အားလုံးပူးပေါင်းဆောင်ရွက်ရန် အဓိဋ္ဌာန်ပြုကြပါစို့။ စာတတ်မြောက်ခြင်းသည် ကမ္ဘာအနှံ့ရှိ လူတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲရာတွင် စစ်မှန်သောအခွင့်အလမ်း တစ်ရပ်ပင်ဖြစ်ပါသည်။ ။

## စာတတ်မြောက်ရေးသည် ပင်ကိုသဘောအားဖြင့် အရေးပါသည့်အပြင် ဖွံ့ဖြိုးတိုးတက်မှုအတွက် အစွမ်းထက်သော လက်နက်တစ်ခုဖြစ် စာတတ်မြောက်မှုလုပ်ငန်းအောင်မြင်ရေး လက်တွဲပူးပေါင်းဆောင်ရွက်

၂၀၀၆ ခုနှစ် စက်တင်ဘာလ ၈ ရက်

**နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့် ယူနက်စကိုညွှန်ကြားရေးမှူးချုပ် မစ္စတာ ကိုအီချီရို မတ်ဆုရာ၏သဝဏ်လွှာမှာ အောက်ပါအတိုင်းဖြစ်ပါသည်–**

စက်တင်ဘာလ ၈ ရက်နေ့တွင် ကျင်းပလေ့ရှိသော နိုင်ငံတကာစာတတ်မြောက်ရေးနေ့ နှစ်ပတ်လည် အခမ်းအနားသည် လူပုဂ္ဂိုလ်တစ်ဦးချင်း၊ မိသားစုများနှင့် လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံးအတွက် စာတတ်မြောက်ရေး၏ အရေးပါပုံကို သတိပြုမိစေရန် နှိုးဆော်ပေးသည့် အခွင့်အလမ်းတစ်ရပ်ဖြစ်ပါသည်။ ကမ္ဘာ့သက်ကြီးလူဦးရေ၏ ငါးပုံတစ်ပုံခန့်သည် စာတတ်မြောက်မှုအခွင့်အလမ်းကို မရသေးကြောင်းကိုလည်း သတိပြုမိစေပါသည်။ ကမ္ဘာ့စာတတ်မြောက်ရေးလုပ်ငန်း၏ စိန်ခေါ်မှုမှာ စာတတ်မြောက်ရေး အရေးပါသည် ဆိုသည့်အမြင်ကို လက်တွေ့ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးသို့ ပြောင်းလဲရန်ဖြစ်ပါသည်။ သို့မှသာ မိမိအမည်ကိုပင် မရေးမဖတ် တတ်သည့် သန်းပေါင်းများစွာသော အမျိုးသမီး၊ အမျိုးသားနှင့် ကလေးသူငယ်များကို မျှော်လင့်ချက်ပေးနိုင်ပါလိမ့်မည်။

ဆင်းရဲသောနိုင်ငံအများစုတွင် စာတတ်မြောက်ရေးအောင်မြင်မှုများ အတော်အသင့်ရရှိခဲ့ပြီးဖြစ်ပါသည်။ ဆာဟာရ အာဖရိကဒေသအချို့၊ တောင်နှင့် အနောက်အာရှဒေသများတွင် မူလတန်းပညာရေးကိုသင်ယူရန် ကျောင်းအပ်နှံသည့်ဦးရေ တိုးတက်မြင့်မားလာကြောင်းနှင့် ဒေသအသီးသီးတွင် ကျောင်းသားသစ်ဦးရေ သန်း ၂၀ ခန့်စီရှိလာကြောင်းကို ကမ္ဘာတစ်ဝန်းလူတိုင်းအတွက် ပညာရေးဆိုင်ရာ ကြီးကြပ်မှု အစီရင်ခံစာ ၂၀၀၆ တွင် ဖော်ပြထားပါသည်။ နိုင်ငံပေါင်း ၄၇ နိုင်ငံခန့်တွင် **‘အများစု သင်ယူနိုင်သော မူလတန်းပညာရေး’**သည် အောင်မြင်မှုရရှိခဲ့ပြီး အခြားနိုင်ငံ ၂၀ ၌ ၂၀၁၅ ခုနှစ်လောက်တွင် ဤပန်းတိုင်သို့ရောက်နိုင်မည်ဟု မျှော်လင့်ထားကြပါသည်။ မိန်းကလေးများ မူလတန်းကျောင်းအပ်နှံသည့်ဦးရေ လျင်မြန်စွာတိုးတက်လာခဲ့ပါသည်။ အမျိုးသားစီမံကိန်းများတွင် ပညာရေး အရည်အသွေး မြင့်မားရေးလုပ်ငန်းများကိုလည်း ထည့်သွင်းလာခဲ့ကြပါသည်။ လူငယ်များစာတတ်မြောက်မှုဆိုင်ရာ အခြေခံကျွမ်းကျင်မှုများမရှိဘဲ လူကြီးဘဝရောက်ရှိလာမည်ကို တားဆီးနိုင်ရန်အတွက် **‘အများစုသင်ယူနိုင်သော မူလတန်းပညာရေး’**အောင်မြင်ရေးသည် ပဓာနကျပေသည်။

သက်ကြီးစာတတ်မြောက်ရေးနှင့် ကျောင်းပြင်ပ ပညာရေးအစီအစဉ်များကြောင့် နိုင်ငံအများစုတွင် တိုးတက်မှုများရရှိခဲ့ကြပါသည်။ သို့သော် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ပါသည်။ ခန့်မှန်းခြေအားဖြင့် သက်ကြီးလူဦးရေ ၇၇၁ သန်းခန့်သည် စာတတ်မြောက်ရေးဆိုင်ရာ အခြေခံကျွမ်းကျင်မှုများမရှိကြပါ။ ၎င်းတို့အနက် သုံးပုံနှစ်ပုံမှာ အမျိုးသမီးများဖြစ်ကြပါသည်။ ကလေးသူငယ်ဦးရေ သန်း ၁၀၀ ကျော်မှာလည်း ယခုတိုင် မူလတန်းများတွင် ကျောင်းအပ်နှံခြင်းမပြုနိုင်ကြသေးပါ။ ယင်းတို့၏ တစ်ဝက်ကျော်သည် မိန်းကလေးများဖြစ်နေကြပါသည်။ အချိန်မတိုင်မီ ကျောင်းထွက်နှုန်းမှာ မြင့်မားနေဆဲဖြစ်သဖြင့် စာတတ်မြောက်ရေးရေရှည်တည်တံ့မှုသည် အာမခံချက်နည်းနေပါသည်။ ကမ္ဘာတစ်ဝန်းတွင် နိုင်ငံတော်၏ ပညာရေးအသုံးစရိတ်ခွဲဝေမှု၏ တစ်ရာခိုင်နှုန်းမျှသာ သက်ကြီးစာတတ်မြောက်ရေးအတွက် ခွဲဝေပေးပါသည်။ အစိုးရနှင့် ကူညီထောက်ပံ့သည့်အဖွဲ့အစည်းများသည် လူငယ်နှင့် သက်ကြီးစာတတ်မြောက်ရေး အစီအစဉ်များကို ထိရောက်စွာ ဦးစားပေးဆောင်ရွက်မှုမရှိကြကြောင်း တွေ့ရပါသည်။ ကတိကဝတ်များထားရှိသာမက ယင်းတို့ကို လက်တွေ့အကောင်အထည်ဖော်နိုင်မှသာ ကုလသမဂ္ဂစာတတ်မြောက်ရေး ဆယ်စုနှစ်(၂၀၀၃–၂၀၁၂)၏ ဦးတည်ချက်များနှင့် လူတိုင်းအတွက် ပညာရေးမျှော်မှန်းချက်များ အောင်မြင်နိုင်မည်ဖြစ်ပါသည်။

စာတတ်မြောက်ရေးသည် ပင်ကိုသဘောအားဖြင့် အရေးပါသည့်အပြင် ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အစွမ်း ထက်သော လက်နက်တစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုထားကြပါသည်။ ကုလသမဂ္ဂစာတတ် မြောက်ရေး ဆယ်စုနှစ်နှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေးဆိုင်ရာ ဆယ်စုနှစ် (၂၀၀၅–၂၀၁၄)အရ စာတတ်မြောက်ရေးသည် ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်၏ ရလဒ်ကောင်းတစ်ခုဖြစ်သည့်အပြင် လူမှုရေးတိုးတက်မှုများ ဆက်လက်ရရှိစေမည့် ကိရိယာတစ်ခုဖြစ်ကြောင်းမှာ ထင်ရှားလှပါသည်။ ထို့ကြောင့် ယခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေး၏အာဘော်မှာ **‘ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ စာတတ်မြောက်အောင်ကြိုးပမ်းစို့’** ဖြစ်ပါသည်။

စာတတ်မြောက်ရေးသည် အရေး၊ အဖတ်၊ အတွက်ဆိုသည့် ကျွမ်းကျင်မှုများရရှိရန် သက်သက်မဟုတ်ဘဲ သင်ယူလေ့လာတတ်ရန်နှင့် ဘဝတွက်တာကျွမ်းကျင်မှုများရရှိရန် အထောက်အပံ့ပြုနေကြောင်း၊ ဤအာဘော်က မီးမောင်းထိုးပြနေပါသည်။ ယင်းတို့ကိုဘဝတွင် လက်တွေ့အသုံးချခြင်းအားဖြင့် လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး ရေရှည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ စာတတ်မြောက်ရေး အစီအစဉ်များတွင် အသက် မွေးဝမ်းကျောင်းလုပ်ငန်း၊ ဝင်ငွေတိုးလုပ်ငန်း၊ အသေးစား စီးပွားရေးလုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း၊ အာဟာရပြည့်ဝရေးနှင့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ကာကွယ်ရေးအပါအဝင် ကျန်းမာရေးလုပ်ငန်းများကို ကျွမ်းကျင်လာစေရန်ချိတ်ဆက် သင်ကြားပေးနေပါသည်။

ထို့ကြောင့် စာတတ်မြောက်ရေးဆိုင်ရာ ကျွမ်းကျင်မှုများရရှိရန် အမျိုးသားရေးစရိုက်လက္ခဏာ၊ ယဉ်ကျေးမှုနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအခြေအနေများအပေါ်မူတည်ပြီး သိမ်မွေ့သောနည်းလမ်းများဖြင့်ဆောင်ရွက်ရန် အလွန်အရေးကြီးပါသည်။ စာတတ်မြောက်ရေးသည် လူ့ဘဝကိုပြောင်းလဲစေနိုင်သည့် စွမ်းဆောင်ရည်အသစ်များ ဖွံ့ဖြိုးတိုးတက်လာရန်နှင့် လွတ်လပ်စွာလုပ်ဆောင်နိုင်ရန် အခွင့်အလမ်းများပေးပါသည်။ စာတတ်မြောက်ရေးလုပ်ငန်း ရေရှည်တည်တံ့အကျိုးပြုစေရန်အတွက် စာအုပ်စာတမ်းများ၊ သတင်းစာများ၊ မဂ္ဂဇင်းများ၊ ကွန်ပျူတာများနှင့် အခြားပစ္စည်းများကို ဖြည့်ဆည်းပံ့ပိုးပေးရန် လိုအပ်ပါသည်။ အဆိုပါပစ္စည်းများ အားနည်းခဲ့ပါက စာတတ်မြောက်ရေး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်နိုင်မည် မဟုတ်ပေ။

အားလုံးလက်တွဲ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ စာတတ်မြောက်ရေးလုပ်ငန်း အောင်မြင်မှုရှိနိုင်ပါသည်။ ထို့ကြောင့် ကမ္ဘာအရပ်ရပ်ရှိ အမျိုးသား၊ အမျိုးသမီးထုကြီး၏ စာတတ်မြောက်ရေးလုပ်ငန်းအတွက် ထူးချွန်ပြောင်မြောက်စွာဆောင်ရွက်ခဲ့မှုများကို ဂုဏ်ပြုပါသည်။ စာတတ်မြောက်ရေးလုပ်ငန်းတွင် အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ခဲ့ကြသော ဆရာ ဆရာမများ၊ နည်းပြများ၊ ဒေသဆိုင်ရာလုပ်သားများ၊ မိသားစုဝင်များ၊ မိတ်ဆွေများ၊ လုပ်အားပေးများကို ချီးကျူးဂုဏ်ပြုပါသည်။ ဒေသအဆင့်အသီးသီးတွင် မိမိတတ်စွမ်းသမျှအင်အားဖြင့် ကူညီပံ့ပိုးပေးသူများကိုလည်း ဂုဏ်ပြုပါသည်။ ယခုနိုင်ငံတကာစာတတ် မြောက်ရေးနေ့တွင် ၎င်းတို့၏ကြိုးပမ်းအားထုတ်မှု၊ တာဝန်သိစိတ်နှင့် ဆောင်ရွက်မှုများသည် စာတတ်မြောက်ရေး စွမ်းပကား မြင့်မားစေရန်အတွက် နမူနာကောင်းတစ်ခုဖြစ်ကြောင်းပြောကြားလိုက်ပါသည်။ ။

**ကိုအီချီရို မတ်ဆုရာ**

# စာအလင်းရောင် လမ်းပြဆောင်

(ပါဒ၊ အချ၊ အချီ သုံးချက်ညီ ပိုဒ်စုံရတု)

ရေနံ့သာမောင်ကျော်ညွန့်

ဖော်ညွှန်းဆင်ရာ၊ 'မော်ကွန်းစာ' တည့်
ရာစုနှစ်ဆယ့်တစ်၊ ပညာခေတ်တွင်
ဆန်းသစ်စုံစွာ၊ နည်းပညာနှင့်
ကမ္ဘာကြီးအား၊ လွှမ်းမိုးထားသည်
နိုးကြားတီထွင်၊ ခေတ်နှင့်ယှဉ်ဖို့
အစဉ်သဖြင့် ၊ သင်ယူခွင့်ကို
မျှော်လင့်ရည်သန်၊ တို့နိုင်ငံ၌
ကြွင်းကျန်ကွယ်ပျောက်၊ 'စာတတ်မြောက်'ရန်
ကောက်သင်းကောက်ယူ၊ ဝိုင်းဝန်းကူ၍
လူတိုင်းစာတတ်၊ စာပေဖတ်ပြီ
မှတ်ဖွယ်မှတ်ရာ၊ နည်းပညာတို့
စာပေထဲမှ၊ ရှာဖွေရကာ
လောကဝန်းကျင်၊ အလှဆင်ရင်း
ဉာဏ်အင်ပွားတိုး၊ အသိနိုးလျက်
ကောင်းကျိုးဆောင်နိုင်၊ စွမ်းအားခိုင်မို့
နိုင်ငံသစ်ရှွန်း၊ တစ်ခေတ်ထွန်းသည်
မော်ကွန်းတင်စာ တည်စေသော်။

မော်ကွန်းတင်စာ၊ ဖော်ညွှန်းရာတည့်
စာပေဖတ်ရှု၊ လေ့လာမှုဖြင့်
သုတပွားကြွယ်၊ သိကြားလွယ်မို့
စွယ်စုံပြည့်ဝ၊ နှလုံးလှကာ
ဘဝသစ်လွင်၊ ကောင်းကျိုးဆင်လျက်
မြော်မြင်နှိုင်းချင့်၊ စွမ်းရည်မြင့်သည်
ကိုယ်ကျင့်ကောင်းမွန်၊ ကျရာဝန်၌
'အားသွန်ကြိုးပမ်း၊ ရွက်ဆောင်ထမ်းကာ'
စွမ်းစွမ်းတမံ၊ ဇွဲခိုင်သန်သည့်
လျင်မြန်သွက်လက်၊ဉာဏ်ရည်ထက်သည်
စွဲမက်မွေ့လျော်၊ စာဖတ်ပျော်၍
တွေးခေါ်ကြံဆ၊ ကြီးမြတ်လှစွာ
'လမ်းပြဦးဆောင်၊ စာဂုဏ်ရောင်နှင့်'
အောင်ပန်းဆွတ်ခူး၊ အောင်သံကျူးကာ
ဆုထူးအောင်နိုင်၊ အောင်ပွဲမြိုင်မို့
ပိုင်တည်စံညွှန်း၊ စာမော်ကွန်းသည်
ပေါ်ထွန်းလင်္ကာ၊စီစေသော်။

ပေါ်ထွန်းလင်္ကာ၊မော်ကွန်းစာတည့်
ပညာခေတ်ထဲ၊ အနေရဲပြီ
ပွဲလည်တင့်ကာ၊ ခွင့်ကောင်းခါမို့
စာပေတတ်ကျွမ်း၊ 'ပညာပန်း' ကို
ဆင်မြန်းကိုယ်စီ၊ စွမ်းဆောင်ရည်ဖြင့်
ခေတ်မီဖွံ့ဖြိုး၊ စည်းစိမ်တိုးအောင်
ကိုးစားသည့်ဉာဏ်၊ နိုးကြားမာန်နှင့်
ခိုင်သန်သည့်အား၊ စွဲတည်ပွားကာ
ရိုးသားသည့်မူ၊ ထုံးနည်းယူ၍
'လူမှုကောင်းကျိုး၊ ဆောင်သယ်ပိုးသည်
မျိုးရိုးသိက္ခာ၊ ဘုန်းသမ္ဘာနှင့်
ဇာတိပုည၊ ဂုဏ်မာနလျှံ
တောက်ပထင်ပေါ်၊ ဇမ္ဗူကျော်မို့
မော်မော်ကြွားကြွား၊ မြန်မာများ'ဟု
ခံ့ညားထည်ဝါ၊ ဤကမ္ဘာ၌
မြန်မာ့ဦးစွန်း၊ တင့်တင့်ရှွန်းသည်
ဖော်ညွှန်းဆင်ရာ ပီစေသော်။ ။

## ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး ဆီမီး၊ပန်း၊ရေချမ်း ကပ်လှူပူဇော်မည်

**ရန်ကုန် စက်တင်ဘာ ၇**

ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန် မြတ်စွာဘုရားကြီး**(အောက်ပုံ)**အား သောဋ္ဌသ (၁၆)ကြိမ်မြောက် ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ ရေချမ်း ၉၀၀၀ ကပ်လှူပူဇော်ပွဲကြီးကို ၂၀၀၆ ခုနှစ် အောက်တိုဘာ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက် ညများတွင် ညစဉ် ၇ နာရီမှစတင်ပြီး ဆီမီး၊ ဖယောင်းတိုင်၊ လျှပ်စစ်ရောင်စုံမီး၊ ပန်း ၉၀၀၀၊ ရေချမ်း ၉၀၀၀ ဆက်ကပ်လှူဒါန်းခြင်းနှင့်အတူ မီးပုံးပျံကြီးများကိုလည်း လွှတ်တင်ပူဇော်ကြမည်ဖြစ်သည်။

(၁၆)ကြိမ်မြောက် ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ ရေချမ်း ၉၀၀၀ ကပ်လှူပူဇော်ပွဲသို့ လှူဒါန်းလိုသော အလှူရှင်များသည် ဦးကျော်စိုး၊ ဦးကျော်မိုး (ရွှေပန်းထိမ်လုပ်ငန်း) အမှတ် ၁၂၈၊ ၂၉ လမ်း(အလယ်) ရန်ကုန်မြို့ ဖုန်း ၀၁-၃၈၉၀၆၈၊ ဦးစောမောင်၊ ဦးဆွေသိန်း (စည်သူ မှန်လုံအမြန်ယာဉ်ဂိတ်၊ ဒဂုံဈေးအဝေးပြေးစခန်း) လှိုင်သာယာမြို့နယ်၊ ဖုန်း-၀၁-၆၈၅၃၀၀ (လိုင်းခွဲ) ၃၂၈၊ ဦးအုန်းချို (ပဒေသာပုံနှိပ်တိုက်)၊ အမှတ် ၁၀၊ ကုန်သည်လမ်း ဇလွန်မြို့ ဖုန်း-၀၄၄-၇၀၁၄၃ နှင့် ဦးစိုးပိုင် (လှဒေဝီထမင်းဆိုင်) ဘုရားကြီးရှေ့ ဇလွန်မြို့ ဖုန်း-၀၄၄-၇၀၂၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၂၈)**

## အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူ ဒေသစာရီကြွချီပူဇော်ခံမည်

**ရန်ကုန် စက်တင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူသည် ၁၃၆၈ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက် စက်တင်ဘာ ၂၂ ရက်မှစ၍ (၂၁)ဌာနသို့ ဒေသစာရီကြွချီ အပူဇော်ခံမည်ဖြစ်သည်။ ညောင်ရွှေမြို့သို့ စက်တင်ဘာ ၂၈ ရက်တွင်ရောက်ရှိတော်မူမည်ဖြစ်ပြီး စက်တင်ဘာ ၃၀ ရက်အထိ ကိန်းဝပ် အပူဇော်ခံမည်ဖြစ်သည်။ အင်းလေးဖောင်တော်ဦးဘုရား ရတနာစံကျောင်းတော်ကြီးသို့ အောက်တိုဘာ ၉ ရက်တွင် ပြန်လည်ကြွမြန်း ကိန်းဝပ်မည်ဖြစ်သည်။

ဘုရားပွဲတော်ကြီးကို အင်းသားရိုးရာလှေပြိုင်ပွဲများ၊ ဘော်လီဘောပြိုင်ပွဲ၊ ရွှေမင်းသားလေးဖိုးချစ်ဇာတ်ပွဲ၊ နှင်းသပြေအငြိမ့်၊ ပျော်ရွှင်ပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပြီး ပွဲတော်အတွက် ဆိုင်ခန်းနေရာရရှိလိုသူများ၊ ကုန်ပစ္စည်းနှင့် လုပ်ငန်းကြော်ငြာလိုသူများသည် ပွဲတော်ကျင်းပရေးကော်မတီ ညောင်ရွှေ ဖုန်း-၀၈၁-၂၉၄၀၉၊ အင်းလေး ဖုန်း-၀၈၁-၂၉၄၂၅ တို့သို့ ဆက်သွယ်နိုင်သည်။ **(သတင်းစဉ်)**

## ဆေးဝါးကျွမ်းကျင်သူများ သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေးမည်

**ရန်ကုန် စက်တင်ဘာ ၇**

သဃ်န်းကျွန်းမြို့နယ် ဆ/ခ ရပ်ကွက် ရွှေကိန္နရီအိမ်ရာ၌အသင်း တည်ထောင်ဖွင့်လှစ်ထားသော ဆေးဝါးကျွမ်းကျင်သူများ သမဝါယမအသင်း၏ (၂၀၀၅-၂၀၀၆) ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အစည်းအဝေးကို စက်တင်ဘာ ၁၇ ရက်တွင် ပုဇွန်တောင်မြို့နယ် YMBA ခန်းမ၌ ကျင်းပမည်ဟု သိရသည်။ **(က-ပ)**





**ရန်ကင်း ပြည်သာယာကျိုက္ကဆံ စူပါဝမ်း တာမွေလေး သံလမ်းအနီး ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း အာယုဒါန အလှူတော်အတွက် ရန်ကင်း (၅)ရပ်ကွက် တိုက် ၅ နေ ဦးတင်ရွှေ-ဒေါ်ကြည်ကြည်ဝင်း မိသားစုက ငွေကျပ်တစ်သိန်း လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။** (က-ပ)

■ *ကျောဖုံးမှ*

### တိုးချဲ့စိုက်ပျိုး

ဆက်လက်၍ တိုင်းမှူးသည် မိုးကုတ်မြို့နယ် ရွှေညောင်ပင်ကျေးရွာအနီးရှိ ရော်ဘာ ၂၁ ဧက စိုက်ခင်းသို့ ရောက်ရှိပြီး လေ့ကားထစ်ပုံစံဖြင့် ရော်ဘာပင်များ စိုက်ပျိုးအောင်မြင်နေမှု၊ ရော်ဘာစိုက်ခင်းတွင် ရော်ဘာနှင့် ပြောင်းသီးညှပ်စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဒေသနှင့်ကိုက်ညီသည့် ရော်ဘာကို ယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးသွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မိုးကုတ်မြို့နယ် ကင်းကျေးရွာအုပ်စု၊ ကင်းကျေးရွာတွင်ကျင်းပသော ၂၀၀၆ ခုနှစ် မိုးစပါး ထွန်တုံးပိတ်စိုက်ပျိုးပွဲ အခမ်းအနားသို့ရောက်ရှိပြီး ရှေးဦးစွာ တိုင်းမှူးက ၂၀၀၆ ခုနှစ် မိုးစပါး ထွန်တုံးပိတ် စိုက်ပျိုးပွဲကို ကြည့်ရှုအားပေးသည်။

ထို့နောက် အခမ်းအနားအစီအစဉ်အရ မိုးကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်က ၂၀၀၆-၂၀၀၇ ခုနှစ် မိုးကုတ်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးနိုင်မှုနှင့် စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ကြိုးစားဆောင်ရွက်

ဆက်လက်၍ တိုင်းမှူးက အမှာစကားပြောကြားရာတွင် မန္တလေးတိုင်းအတွင်း မိုးကုတ်မြို့နယ်သည် ပထမဆုံး ထွန်တုံးပိတ်နိုင်သည့် မြို့နယ်ဖြစ်၍ ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ မိုးကုတ်ဒေသတွင် ဝမ်းစာဖူလုံရေးအတွက် စပါးကို အလေးထားစိုက်ပျိုးရမည်ဖြစ်ကြောင်း၊ စပါးအထွက်တိုးရန် နည်းလမ်းလေးသွယ်ဖြစ်သော ရေတော် မိုးတော်ဖြစ်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ ကောက်ကွက် မှန်ကန်ပြည့်မီရေး၊ မြေသြဇာ ပြည့်ပြည့်ဝဝသုံးစွဲရေးများကို စနစ်တကျလိုက်နာကျင့်သုံးရန်လိုကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း လယ်မြေများ တိုးချဲ့ဖော်ထုတ် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ မိမိဒေသ ဖွံ့ဖြိုးရေးအတွက် နည်းလမ်းတစ်ခုဖြစ်သော ဘိုင်အိုဒီဇယ်ထုတ်လုပ်နိုင်သည့် ဓါးစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်းကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ စိုက်ပျိုးခြင်းဖြင့် ကုန်ကျစရိတ်သက်သာခြင်း၊ လုပ်ငန်း တွင်ကျယ်ခြင်း၊ အပိုဝင်ငွေရရှိခြင်း အကျိုးကျေးဇူးများ ရရှိကြမည်ဖြစ်၍ ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးကို ကြိုးစားဆောင်ရွက်ရန် အရေးကြီးကြောင်း မှာကြားသည်။

### လက်ခံရယူ

ထို့နောက် အစီအစဉ်အရ မိုးကုတ်မြို့နယ်၏ ၂၀၀၆ ခုနှစ် မိုးစပါး စိုက်ပျိုးပြီးစီးမှုစာရင်းများကို မြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်က လွှဲပြောင်းပေးအပ်ရာ တိုင်းမှူးက လက်ခံယူသည်။

ဆက်လက်၍ တိုင်းမှူးက ၂၀၀၆ ခုနှစ် မိုးစပါးထွန်တုံးပိတ် ကောက်စိုက် လုံမေများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ မိုးကုတ်မြို့နယ်တွင် ၂၀၀၆-၂၀၀၇ ခုနှစ် မိုးစပါး စိုက်ပျိုးရန် ဧက ၃၄၂၀ လျာထားရာ ယနေ့ ထွန်တုံးပိတ်စိုက်ပျိုးပြီးချိန်တွင် ဧက ၃၄၄၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းမှူးသည် တာဝန်ရှိသူများလိုက်ပါလျက် ညနေ ၄ နာရီတွင် မိုးကုတ်မြို့နယ် ကစို့ကျေးရွာအနီးရှိ မြို့နယ် မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၏ အောင်မြေကော်ဖီခြံသို့ရောက်ရှိပြီး ကော်ဖီ ၇၆ ဧကနှင့် လက်ဖက် လေးဧကစိုက်ခင်းအတွင်း ကော်ဖီပင်နှင့် လက်ဖက်ပင်များ ရှင်သန်ဖြစ်ထွန်းမှုနှင့် ပေါင်းမြက်ရှင်းခြင်းလုပ်ငန်းများ ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးရာ ဦးစီးအရာရှိ ဦးအောင်ဆောင်းက လိုက်ပါရှင်းလင်းတင်ပြပြီး တိုင်းမှူးက ကော်ဖီပင်များ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် လက်ဖက် (အူလုံတီး) မျိုးပင်များကို ပင်ပိုင်းမျိုးပွားစနစ်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၈-၉-၂၀၀၆ ရက် (သောကြာနေ့)**

### နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ အကပြိုင်ပွဲ
- ၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
- ၈:၂၀ ၈။ အတီးပြိုင်ပွဲ
- ၈:၃၀ ၉။ တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
- ၈:၄၅ ၁၀။ English for Everyday Use

### ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒ အထူးပြုများ) [ရုက္ခဗေဒ]
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၁၇:၀၀ ၅။ **"သူငယ်ချင်းမရှိတဲ့ဥပဒေ"** မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဇေရီကျော်ကျော် (ဒါရိုက်တာ-မောင်ယဉ်ကျော်)
- ၁၇:၁၅ ၆။ ဂျူဒိုအောင်ပွဲဖြင့် နိုင်ငံဂုဏ်အဆင့်မြင့်
- ၁၇:၃၀ ၇။ ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ ၅-၁၀ နှစ်) (အမျိုးသား၊ အမျိုးသမီး)
- ၁၇:၄၅ ၈။ ကမ္ဘာ့ရေးဦးပြုစုခြင်းနေ့ ဆိုင်ရာသိကောင်းစရာ
- ၁၈:၀၀ ၉။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉:၀၀ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်လိပ်ပြာလေး တဝဲလည်လည်"** (အပိုင်း-၂၂)
- ၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ (၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ (ဗိုလ်လုပွဲစဉ်)(မြန်မာနှင့်အင်ဒိုနီးရှား)
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာသံစဉ်"** (အပိုင်း-၁၈)

## အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၇**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်းရှိ UMFCCI Training Centre ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး၊ ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး တွဲဖက်အတွင်းရေးမှူး(၂) ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးထွန်းအောင်က သင်တန်းနှင့်သက်ဆိုင်သော ပညာရပ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

# သောနတ္တိုရှိအမေရိကန်ကွန်ဂရက်အမတ်အချို့နှင့် အစွယ်လိုသူပြည်ပအားကိုးပုဆိန်ရိုးတို့၏ နိုင်ငံတော်လုပ်ကြံမှုဇာတ်လမ်း

**စိုးမြကျော်နှင့် စောမြအောင်**

၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ် ဂျွန်ဘိုလ်တန်က မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသောအခြေအနေများသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိုထိခိုက်နိုင်သည့် အခြေအနေသို့ရောက်ရှိနေသဖြင့် လုံခြုံရေး ကောင်စီအစီအစဉ်တွင် တရားဝင် ထည့်သွင်းဆွေးနွေးရန်အတွက် အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ အဆင့်မြင့်အရာရှိတစ်ဦးမှ မြန်မာ နိုင်ငံအခြေအနေကို တက်ရောက် ရှင်းလင်းပြောကြားပေးရန် လုံခြုံရေး ကောင်စီသို့ စာရေးသားပေးပို့ခဲ့ကြောင်း သိရှိရပါသည်။

အမေရိကန်သံအမတ်၏ တောင်းဆိုမှုသည် မြန်မာနိုင်ငံတွင် ဖြစ်ပေါ် ပြောင်းလဲတိုးတက်နေသော ပကတိအခြေအနေမှန်များကို မျက်ကွယ်ပြုကာ လက်ရှိနိုင်ငံတော်အစိုးရကို အကျပ်ကိုင်နိုင်ရေးဟူသည့် နိုင်ငံရေး ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်သော မဲပြာပုဆိုးလုပ်ရပ်သာ ဖြစ်နေသည်မှာ ထင်ရှားလှပါသည်။ အမေရိကန်အစိုးရအဆက်ဆက် သည် မြန်မာနိုင်ငံအပေါ်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ လွှမ်းမိုးခြယ်လှယ်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်နေသည်မှာ ၁၀ စုနှစ်နှင့် ချီနေပြီဖြစ်ပါသည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလနောက်ပိုင်းမှစ၍ အမေရိကန်အစိုးရသည် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး စသည့် ကိစ္စရပ်များကိုအကြောင်းပြကာ မြန်မာနိုင်ငံအား အမေရိကန် ဇာတ်သွင်း နိုင်ရန်နှင့် ရုပ်သေးအစိုးရတင်နိုင်ရန်အတွက် မြန်မာနိုင်ငံအပေါ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆက်ဆံမှုများ အဆင့်နိမ့်ချ ဆောင်ရွက် လျက်ရှိကြောင်း အားလုံးက သိနေကြပါသည်။

ပြန်လည်လေ့လာဆန်းစစ်လျှင် မြန်မာနိုင်ငံအရေးကို လုံခြုံရေး ကောင်စီတွင်တင်ပြရန် ကြိုးပမ်းမှုကို စတင်ဆောင်ရွက်ခဲ့သူများမှာ မြန်မာနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်ပြီး ပြည်ပရှိ အကြမ်းဖက်အုပ်စု များနှင့် ပူးပေါင်းကာ မြန်မာနိုင်ငံအတွင်း အဖျက်အမှောင့်လုပ်ငန်းများကို အစဉ်တစိုက်ကျူးလွန်နေသော ပြည်ပြေးစိန်ဝင်းနှင့် ပြည်သစ်ညွန့်ဝေ (ခေါ်)မောင်မောင်တို့ ဦးစီးသည့်အဖွဲ့ပင်ဖြစ်ပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) ဟု အမည်ခံ ထားသော ထိုပြည်ပြေးအဖွဲ့သည် အမေရိကန်နိုင်ငံသို့ သွားရောက် အခြေပြုနေထိုင်ပြီး ၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံအရေးကို လုံခြုံရေး ကောင်စီမှ အရေးယူ ဆောင်ရွက်သင့်ကြောင်း ဖော်ပြထားသည့် စာတမ်းတစ်စောင်ကို ထုတ်ပြန်ခဲ့သော်လည်း ထိုစဉ်က မည်သူမျှ လက်ခံခြင်းမရှိ၍ မေ့မိန်ပျောက်ကွယ်သွားခဲ့ပါသည်။

တစ်ပြိုင်တည်းမှာပင် မြန်မာနိုင်ငံအပေါ် အမေရိကန်အစိုးရ၏ တစ်ဖက်သတ်ပိတ်ဆို့မှုများ တိုးမြှင့်ပြုလုပ်နိုင်ရန်အတွက် ၁၉၉၆ ခုနှစ် အောက်တိုဘာ ၃ ရက်နေ့တွင် သမ္မတကလင်တန် လက်မှတ်ရေးထိုး သော Proclamation 6925နှင့် ၂၀၀၃ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် သမ္မတဘုရှ် လက်မှတ်ရေးထိုးသော Burmese Freedom and Democracy Act of 2003တို့ကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းအက်ဥပဒေ အရ တပ်မတော်အစိုးရလက်ထက်တွင် တာဝန်ထမ်းဆောင်နေကြသော အဆင့်မြင့်အရာရှိကြီးများအား ပြည်ဝင်ဗီဇာ ကန့်သတ်ပိတ်ဆို့ခဲ့ပါသည်။ ၁၉၉၇ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် သမ္မတကလင်တန် လက်မှတ် ရေးထိုးထုတ်ပြန်သော Executive Order 13047 အရ အမေရိကန်နိုင်ငံ သားများနှင့် ကုမ္ပဏီများအား မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှုအသစ်များ ပြုလုပ်ခြင်းကို တားမြစ်ပိတ်ဆို့ခြင်း၊ အမေရိကန်ကွန်ဂရက်၏ Burmese Freedom and Democracy Act of 2003 အရ မြန်မာနိုင်ငံမှ ထွက်ကုန်များ အမေရိကန်သို့ တင်သွင်းခြင်းကို တားမြစ်ပိတ်ဆို့ခြင်း၊ ၂၀၀၃ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် သမ္မတဘုရှ် လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သော Executive Order 13310 အရ မြန်မာနိုင်ငံမှ ငွေလွှဲပြောင်းပေးပို့ခြင်းကို ပိတ်ဆို့ခြင်းနှင့် နိုင်ငံတကာငွေကြေးအဖွဲ့ အစည်းများက မြန်မာနိုင်ငံသို့ ငွေကြေးအထောက်အပံ့များ ပေးကမ်း ခြင်းမပြုလုပ်ရန် ပိတ်ပင်ခြင်းတို့ကိုလည်း ပြောင်ပြောင်တင်းတင်း ပြုလုပ်ခဲ့ပါသည်။

အခြားတစ်ဖက်မှလည်း ပြည်ပြေးအကြမ်းဖက်အုပ်စုသည် ၎င်းတို့၏ မအောင်မြင်သောလုပ်ရပ်များကို ပြန်လည်အသက်သွင်းနိုင် ရန်အတွက် အမေရိကန်လွှတ်တော်အမတ်အချို့နှင့် ပူးပေါင်းပြီး နိုဘယ်လ်ဆုရှင် ချက်သမ္မတဟောင်းဟာဗဲလ်နှင့် ဘုန်းတော်ကြီး တူးတူးတို့အား ပွဲထုတ်ကာ ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့ တွင် မြန်မာနိုင်ငံအရေးကိစ္စကို လုံခြုံရေးကောင်စီမှ ကိုင်တွယ် ဖြေရှင်းရန် တောင်းဆိုသည့် စာတမ်းတစ်စောင်ကို ထပ်မံထုတ်ပြန်ခဲ့ပါ သည်။ ထိုစာတမ်းကို ဘုန်းတော်ကြီးတူးတူးနှင့် သမ္မတဟောင်း ဟာဗဲလ်တို့က အမည်ခံတင်သွင်းခဲ့သော်လည်း လက်တွေ့တွင် DLA Piper Rudnick Gray Carry နိုင်ငံတကာဥပဒေအဖွဲ့က တာဝန်ယူ ပြုစုပေးခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။ ထိုစာတမ်းတွင် ဖော်ပြထား သော အချက်အလက်များမှာ ယခင်ပြည်ပြေးစိန်ဝင်းအဖွဲ့မှ တင်ပြ ထားသော အချက်များ၊ အခြားအကြမ်းဖက်သောင်းကျန်းသူအဖွဲ့များမှ ပေးပို့ထားသော သတင်းအချက်အလက်များသာဖြစ်ကာ မြန်မာနိုင်ငံ အတွင်းရှိ ပကတိအခြေအနေမှန်များကို ထင်ဟပ်ဖော်ပြထားမှုမရှိဘဲ တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေမှန်များကို လျစ်လျူရှုထား ကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအရေးတွင် ကျွမ်းကျင်သူ နိုင်ငံခြားသားပညာရှင် အများအပြားက ထိုစာတမ်းပါ အချက်အလက် များ၏ တိကျခိုင်မာမှုအပေါ် မေးခွန်းထုတ်ခဲ့သော်လည်း စာတမ်း တင်သွင်းသူ အဖြစ်အမည်ခံထားသူနှစ်ဦး၏ ပုဂ္ဂိုလ်ရေးကျော်ကြားမှုများ ကြောင့် ထိုစာတမ်းကို စိတ်ဝင်စားသူများ ရှိလာခဲ့ပါသည်။

ယင်းနောက် အမေရိကန်အစိုးရသည် ငွေကြေးခဝါချမှု၊ မူးယစ် ဆေးဝါး၊ လူမှောင်ခိုကူးမှုနှင့် ဘာသာရေးလွတ်လပ်ခွင့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအပေါ် မဟုတ်မမှန် စွပ်စွဲထိုးနှက်မှုများကို ဆက်တိုက် ဆောင်ရွက်ခဲ့ပြန်ပါသည်။ ယင်းသို့ မဟုတ်မမှန်မကန် စွပ်စွဲထိုးနှက်မှုများမှာ အမှန်တရားအား မျက်ကွယ်ပြုလျက် တစ်ဖက်သတ် စွပ်စွဲထိုးနှက်မှုများသာဖြစ်ကြောင်းကို ပတ်ဝန်းကျင်နိုင်ငံများနှင့် ဒေသ တွင်းနိုင်ငံများက နားလည်သဘောပေါက်ခဲ့ကြပါသည်။ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ဒုက္ခရောက်စေရန် ယင်းသို့ ထိုးနှက်တိုက်ခိုက်မှုများ ပြုလုပ်နေသည့်ကြားမှပင် မြန်မာနိုင်ငံသား အားလုံး၏ စည်းလုံးညီညွတ်မှု၊ စုပေါင်းကြိုးပမ်းအားထုတ်ဆောင်ရွက်မှု တို့ကြောင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးကဏ္ဍ တိုးတက် အောင်မြင်မှု၏ အသီးအပွင့်များကို နိုင်ငံသားများ ရရှိခံစားနိုင်လျက်ရှိ နေပါသည်။

ထို့ကြောင့် အမေရိကန်အစိုးရသည် ၎င်းတို့အလိုကျ လိုက်ပါ ဆောင်ရွက်ခြင်းမရှိသည့် မြန်မာနိုင်ငံအပေါ် တစ်နည်းမဟုတ် တစ်နည်းဖြင့် ဒုက္ခပေးရန် ဆက်လက်ကြိုးပမ်းလုပ်ဆောင်ရွက်လာပါသည်။ ထိုအခြေ အနေကို အခွင့်ကောင်းယူပြီး ပြည်ပြေးအဖွဲ့များက အမေရိကန်အထက် လွှတ်တော်နှင့် အောက်လွှတ်တော်တို့မှ သြဇာကြီးမားသော အမတ်များ နှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံအရေးကို လုံခြုံရေးကောင်စီတွင် ဆွေးနွေး နိုင်ရေးအတွက် အမေရိကန်နိုင်ငံက ဦးဆောင်ဦးရွက်ပြုရန် အမေရိကန် အစိုးရကို တိုက်တွန်းတောင်းဆိုခဲ့ကြပါသည်။ အမေရိကန်အစိုးရက မြန်မာနိုင်ငံအပေါ် စွပ်စွဲပြုလုပ်မှုများ ပြုလုပ်နေခြင်းကို အဓိကကြိုးကိုင် ခြယ်လှယ်နေသူများမှာ အမေရိကန်လွှတ်တော်အမတ် Mitch Mc Connell နှင့် အပေါင်းပါတို့သာ ဖြစ်ပါသည်။ အမေရိကန်လွှတ်တော် အမတ်များဖြစ်ကြသည့် Mitch Mc Connell, Dana Robracher, Dianne Feinstein, Tom Lantos စသူတို့အနေဖြင့် ၎င်းတို့၏ မဲဆန္ဒနယ်မြေအတွင်းရှိ မြန်မာအစိုးရကို ဆန့်ကျင်သော ပြည်ပရောက် သစ္စာဖောက် မြန်မာပြည်ပြေးအုပ်စုများ၏ တစ်ဖက်သတ် စွပ်စွဲပြောဆို ချက်များကို အမှန်တရားဟု လွဲမှားစွာနားယောင်ကာ မြန်မာနိုင်ငံအပေါ် မှားယွင်းပြင်းထန်သော အမြင်ရှိနေခြင်းကြောင့် မြန်မာနိုင်ငံအပေါ် ကန့်သတ်ပိတ်ဆို့မှုများပြုလုပ်ရန် အဆိုများတင်သွင်း၍ ကြိုးပမ်းနေကြ ခြင်းဖြစ်ပါသည်။

အထူးသဖြင့် နောက်ပိုင်းကာလများတွင် ဆီးနိတ်အာဏာရပါတီ၏ စည်းကမ်းထိန်းသိမ်းရေး (Senate Majority Whip) တာဝန်ယူသော Mitch Mc Connell (D-Kentuchk) သည် မြန်မာနိုင်ငံအပေါ် ဖိအားပေးသည့်ကိစ္စများကို ၎င်း၏ မူပိုင်ကိစ္စအဖြစ် ကိုင်တွယ်ဆောင်ရွက် လာခဲ့ကြောင်း သိရပါသည်။

အမှန်တကယ် လက်တွေ့တွင် မြန်မာနိုင်ငံ၏ အခြေအနေသည် အရှေ့အလယ်ပိုင်း ဒေသအပါအဝင် နိုင်ငံတကာတွင် ပဋိပက္ခများ၊ စစ်ပွဲများ၊ ငတ်မွတ်ခေါင်းပါးမှုနှင့် ရောဂါကပ်အမျိုးမျိုးကျရောက်နေသည့် နိုင်ငံများနှင့် မနှိုင်းယှဉ်သာလောက်အောင် တည်ငြိမ်အေးချမ်းလျက် ရှိနေပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုလည်းဖြစ်ပြီး ဒီမိုကရေစီအသွင်ကူးပြောင်း ရေး ကာလ၊ စီးပွားရေးအသွင်ကူးပြောင်းရေးကာလတစ်ခုကို ဖြတ်သန်း နေရသော မြန်မာနိုင်ငံသည် အလားတူဖွံ့ဖြိုးဆဲနိုင်ငံများ၊ အသွင်ကူးပြောင်း ဆဲနိုင်ငံများတွင် ကြုံတွေ့လေ့ရှိသော အခက်အခဲများကို ကြုံတွေ့ရမည်မှာ သဘာဝကျပါသည်။ ယင်းသို့ဖြစ်လျက်နှင့်ပင် နိုင်ငံတော်အစိုးရနှင့် ပြည်သူများသည် ထိုအခက်အခဲများကို ကျော်လွှားနိုင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည်ကိုလည်းကောင်း၊ မြန်မာ နိုင်ငံ၏အခြေအနေသည် အလားတူနိုင်ငံအချို့တွင် တွေ့ကြုံနေသော အခြေအနေများထက် များစွာတည်ငြိမ်မှုရှိသည်ကိုလည်းကောင်း လေ့လာ တွေ့ရှိနိုင်ပါသည်။ စင်စစ်တွင် ပြဿနာအများစု၏ အရင်းခံအကြောင်း သည် နိုင်ငံအတွင်းတွင်မရှိဘဲ ပြင်ပမှဖိအားပေးပိတ်ဆို့မှု၊ တစ်ဖက်သတ် ဒဏ်ခတ်မှုများကြောင့် ဖြစ်သည်ကိုလည်း ထင်ရှားစွာ လေ့လာတွေ့ရှိ နိုင်ပါသည်။ သို့ရာတွင် အမေရိကန်အစိုးရအနေဖြင့် ၎င်းတို့အစိုးရ၏ အခြားသောနိုင်ငံရေး၊ ကာကွယ်ရေး၊ စီးပွားရေးဆိုင်ရာ မူဝါဒများ၊ ဥပဒေကြမ်းများနှင့် ပတ်သက်ပြီး လွှတ်တော်အတွင်း၌ သြဇာကြီးမားသော အမတ်များ၏ ထောက်ခံမှုရရှိစေရန်အတွက် မြန်မာနိုင်ငံအရေးကိစ္စကို ထိုလွှတ်တော်အမတ်များအလိုကျ ကိုင်တွယ်ဆောင်ရွက်ရန် ဆုံးဖြတ် ခဲ့သည်ကို ဝမ်းနည်းဖွယ်တွေ့မြင်ရပါသည်။

ဟာဗဲလ်နှင့် တူးတူးတို့၏အစီရင်ခံစာအပေါ် အခြေပြု၍ အမေရိ ကန်အစိုးရက မြန်မာနိုင်ငံအပေါ် အရှိန်အဟုန်မြှင့်ထိုးနှက် တိုက်ခိုက် သည့်အနေဖြင့် မြန်မာနိုင်ငံအရေးကိစ္စအား လုံခြုံရေးကောင်စီ အစီအစဉ် တွင် ထည့်သွင်းနိုင်ရေးကို ၂၀၀၅ ခုနှစ် အောက်တိုဘာလတွင် စတင် ဆောင်ရွက်လျက်ရှိကြောင်းကို အမေရိကန် ဒုတိယလက်ထောက် နိုင်ငံခြား ရေးဝန်ကြီး အဲရစ်ဂျွန်က အမေရိကန်အောက်လွှတ်တော်၊ နိုင်ငံတကာ ဆက်ဆံရေးကော်မတီသို့ ရှင်းလင်းပြောကြားခဲ့ပါသည်။ အမေရိကန်သည် လုံခြုံရေးကောင်စီအဖွဲ့ဝင် ၎င်း၏ မဟာမိတ်နိုင်ငံများအား ဖိအားပေး စည်းရုံးခြင်းအပြင် ထောက်ပံ့စည်းရုံးမှုများကိုပါ ပြုလုပ်ပြီး လုံခြုံရေး ကောင်စီ အဖွဲ့ဝင်နိုင်ငံများအကြား မဲခွဲဆုံးဖြတ်ရန်အထိ ကြိုးပမ်းလာ ခြင်းပင်ဖြစ်ပါသည်။

သို့သော် အချို့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံ များအနေဖြင့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါအတိုင်းသာ ဆောင်ရွက် ရန်လိုလားကြပြီး မြန်မာနိုင်ငံသည် ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ် ရေးကို ထိခိုက်စေခြင်းမရှိဟု ခံယူထားကြပါသည်။ သို့ရာတွင် အမေရိကန် ကိုယ်စားလှယ်အဖွဲ့၏ ဖိအားပေးမှုကြောင့် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံကိစ္စကို ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဂမ်ဘာရီအနေဖြင့် အလွတ်သဘော ရှင်းပြရန် အများသဘောတူ ညှိနှိုင်းခဲ့ကြပါသည်။ မစ္စတာ ဂမ်ဘာရီက အပြုသဘောဆောင်သော အစီရင်ခံတင်သွင်းရှင်းလင်းခဲ့ခြင်းကြောင့် အမေရိကန်အနေဖြင့် ၎င်းတို့လိုလားချက်မရရုံမက ကျန်အဖွဲ့ဝင်နိုင်ငံ များ၏ ငြိုငြင်မှုကို ခံခဲ့ရပါသည်။

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်နေ့တွင် အမေရိကန်အောက် လွှတ်တော်၌ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကြားနာမှုတစ်ခုပြုလုပ်ခဲ့ရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ခစ္စတိုဖာဟေးက "မြန်မာနိုင်ငံအခြေ အနေကို လုံခြုံရေးကောင်စီမှ ဆက်လက်အလေးပေး ဆွေးနွေးသွားရ မည်ဟု မိမိတို့ ယုံကြည်ပါသည်။ လုံခြုံရေးကောင်စီအနေဖြင့် ဆောင် ရွက်ရန် နောက်ထပ်အဆင့်များကို မိမိတို့ စဉ်းစားသွားရမည်ဖြစ်သည်" ဟု ပြောကြားခြင်းဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကိစ္စကို နိုင်ငံတကာ အရေးအခင်းအဖြစ် ပြောင်းလဲနိုင်ရန် ကြိုးပမ်းနေမှုကို လက်မလျှော့ ကြောင်း ထပ်လောင်းဖော်ပြခဲ့ပါသည်။

**ဤကာလတွင် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ ဖိတ်ကြားချက် အရ ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ်(နိုင်ငံရေး)မစ္စတာ ဂမ်ဘာရီ နှင့်အဖွဲ့သည် ၁၈-၅-၂၀၀၆ ရက်နေ့မှ ၂၀-၅-၂၀၀၆ ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပါသည်။ ခရီးစဉ် အစီအစဉ်များအားလုံးကို အဆင်ပြေချောမွေ့အောင် မြန်မာနိုင်ငံက စီစဉ်ပေးခဲ့သဖြင့် မစ္စတာ ဂမ်ဘာရီက ၎င်း၏ခရီးစဉ်သည် အောင်မြင်သောခရီးစဉ်ဖြစ်ပြီး မြန်မာ နိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်နိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။**

**သို့ရာတွင် အမေရိကန်ကိုယ်စားလှယ်အဖွဲ့၏ ဖိအားပေး တောင်း ဆိုမှုကြောင့် ၂၀၀၆ ခုနှစ် မေလ ၃၀ ရက်နေ့တွင် မစ္စတာ ဂမ်ဘာရီက ၎င်း၏ မြန်မာနိုင်ငံခရီးစဉ် ကိစ္စနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၌ အလွတ်သဘောထပ်မံရှင်းပြခဲ့ရပါသည်။ ထိုသို့ ရှင်းပြရာ တွင်လည်း အပြုသဘောဆောင်သောအချက်များ ထည့်သွင်းပြောကြား ခဲ့ပါသည်။ အောင်မြင်သော ခရီးစဉ်ဖြစ်ကြောင်း ပြောကြားခဲ့သည့်အတွက် အမေရိကန်အစိုးရ အာသာဆန္ဒပြည့်ဝခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။**

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများသာမက ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဝင် နိုင်ငံများကမူ မစ္စတာ ဂမ်ဘာရီ၏ ခရီးစဉ်အောင်မြင်မှုကို ကြိုဆိုခဲ့ကြပါသည်။ အဖွဲ့ဝင် ၁၁၆ နိုင်ငံရှိသည့် ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့က မြန်မာနိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေမှုလုံးဝမရှိကြောင်း၊ မြန်မာနိုင်ငံကိစ္စကို လုံခြုံရေး ကောင်စီ အစီအစဉ်တွင် ထည့်သွင်းရန်ကြိုးပမ်းခြင်းသည် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း ပုဒ်မ(၂၄)ကို ဆန့်ကျင်ရာရောက်ကြောင်းကို လုံခြုံရေး

ကောင်စီအဖွဲ့ဝင်နိုင်ငံ အားလုံးထံသို့ စာများရေးသားပေးပို့ကာ မြန်မာနိုင်ငံဘက်မှ မှန်ကန်စွာ ရပ်တည်ပေးခဲ့ကြပါသည်။

**မြန်မာနိုင်ငံ၏ သမိုင်းအစဉ်အလာ၊ ပြည်တွင်းရေးအခြေအနေ၊ တိုးတက်ဖြစ်ပေါ်မှု အဆင့်ဆင့်နှင့် ပြည်သူတို့၏ သဘောထားကို သိရှိနားလည်လာကြသော အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ အာရှနိုင်ငံများ၊ ဘက်မလိုက်နိုင်ငံများက မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လာကြကာ မြန်မာဘက်မှ ရပ်တည်ပေးကြသဖြင့်လည်းကောင်း၊ ဩစတြေးလျနိုင်ငံနှင့် အချို့သော ဥရောပနိုင်ငံများကပင် သဘောထားပျော့ပျောင်းလာကာ မြန်မာဘက်မှ ရပ်တည်ပေးကြပြီး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လာကြသဖြင့်လည်းကောင်း၊ အမေရိကန်အစိုးရသည် တစ်နည်းပြောင်းကာ ကုလသမဂ္ဂမျက်နှာစာတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၊ လူ့အခွင့်အရေး ကော်မရှင်/ကောင်စီတို့မှတစ်ဆင့် မြန်မာနိုင်ငံအပေါ် ဖိအားပေးအရေးယူဆောင်ရွက်ရန် ဆက်လက်ကြိုးပမ်းလာခဲ့ပြန်ပါသည်။**

အမေရိကန်အစိုးရ၏ အဓိကဦးတည်ရည်ရွယ်ချက်မှာ တည်ဆဲမြန်မာအစိုးရကို ဖြုတ်ချပြီး ၎င်းတို့စိတ်ကြိုက် ရုပ်သေးအစိုးရမျိုးကို တင်မြှောက်နိုင်ရန်ဖြစ်ရာ အမေရိကန်အစိုးရ၏ စွပ်စွဲချက်များမှာ တိကျသေချာစွာ တရားဝင်ထုတ်ပြန်သော သတင်းများပေါ်တွင် အခြေခံထားခြင်း မရှိသည်မှာ သေချာနေပါသည်။ မြန်မာအစိုးရကိုဆန့်ကျင်သော ပြည်ပရောက် တရားမဝင်နိုင်ငံရေးအဖွဲ့အစည်းများ၊ ဒုက္ခသည်အမည်ခံထားသော ကိုယ်ကျိုးရှာပုဂ္ဂိုလ်များ၊ ပြည်တွင်းမှ သောင်းကျန်းသူ မြေအောက်အဆက်အနွယ်များထံမှရရှိသော လုပ်ကြံသတင်းများတွင်သာ အခြေခံနေမည်သာဖြစ်ပါသည်။

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အမြဲတမ်းကိုယ်စားလှယ်၏ လုံခြုံရေးကောင်စီဥက္ကဋ္ဌသို့ ပေးစာတွင်လည်းကောင်း၊ ၎င်းနှင့် သတင်းစာဆရာများ တွေ့ဆုံရာတွင်လည်းကောင်း ဒုက္ခသည်ပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါနှင့် အခြားကူးစက်ရောဂါပြန့်ပွားမှုနှင့် တပ်မတော်၏ စစ်ဆင်ရေးများကြောင့် မြန်မာနိုင်ငံ အခြေအနေသည် ဒေသနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်နေသည်ဟု ဖော်ပြစွပ်စွဲခဲ့သည်ကို တွေ့ရပါသည်။ ထိုစွပ်စွဲချက်များ မှန်မမှန်ကို သိရှိနိုင်ရန်အတွက် ထိုစွပ်စွဲချက်များအတွက် လိုအပ်သည့် သတင်းများကို မည်သည့်နေရာဒေသ၊ မည်သည့်ပုဂ္ဂိုလ်များထံမှ ရရှိခဲ့သည်ဆိုသည့်အချက်အား ဆန်းစစ်ကြည့်သင့်ပါသည်။

မြန်မာနိုင်ငံအတွင်းမှ NLDပါတီအပါအဝင် နိုင်ငံရေးပါတီအချို့နှင့် ၈၈ မျိုးဆက်အမည်ခံ ကျောင်းသားဟောင်းအချို့သည် စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် အပြုသဘောပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းအစား ၁၉၈၈ ခုနှစ်ပုံစံ အဖျက်လုပ်ငန်းများဖြင့် အာဏာကိုဖြတ်လမ်းမှ ရယူရန် လုပ်ဆောင်လျက်ရှိနေပါသည်။ ထိုအဖွဲ့များသည် အမေရိကန်နိုင်ငံ၏ မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်အရေးယူပိတ်ဆို့မှုများနှင့် လုံခြုံရေးကောင်စီမှ အရေးယူဆောင်ရွက်ရန် ကြိုးပမ်းမှုများကို ၎င်းတို့အာဏာရရှိရေးအတွက် အခွင့်အရေးအဖြစ် ရှုမြင်နေကြပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် မမှန်မကန် လုပ်ကြံဖန်တီးထားသော သတင်းများ၊ ပုံကြီးချဲ့သတင်းများ၊ ကောလာဟလများကို နိုင်ငံခြားသံရုံးများသို့ စုစည်းပေးပို့နေပါသည်။ အလားတူ နယ်စပ်ဒေသရှိ ဒုက္ခသည်စခန်း အမည်ခံစခန်းများတွင် ခိုကပ်နေထိုင်ရသော အကြမ်းဖက်သောင်းကျန်းသူများ၊ အကြမ်းဖက်အဖွဲ့များနှင့် ပြည်ပြေးအဖွဲ့များကလည်း ထိုနည်းတူ လုပ်ကြံသတင်းများကို ဖန်တီးပေးပို့ခဲ့ကြပါသည်။ ထိုသတင်းများကို ပြည်ပြေးစိန်ဝင်းနှင့် မောင်မောင်တို့အဖွဲ့က အမေရိကန်လွှတ်တော်အမတ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အင်န်ဂျီအိုများထံသို့ ဖြန့်ဝေပေးပို့ခြင်းဖြင့် နိုင်ငံတကာအမြင်တွင် မြန်မာနိုင်ငံကို ပျက်စီးယိုယွင်းနေသော နိုင်ငံတစ်ခုအဖြစ် ရှုမြင်လာအောင် အစီအမံရှိရှိ အကွက်ချပြီး လုပ်ဆောင်နေကြခြင်းသာ ဖြစ်ပါသည်။

အလားတူပင် မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးအခြေအနေများ အလွန်ဆိုးရွားနေကြောင်း၊ နိုင်ငံရေးအကျဉ်းသမားတစ်ထောင်ကျော်ကို ဖမ်းဆီးထားကြောင်း စွပ်စွဲပြောဆိုခဲ့သည်ကိုလည်း တွေ့ရပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးပြစ်မှုဖြင့် ဖမ်းဆီးအရေးယူထားသူ တစ်ဦးတစ်ယောက်မျှ မရှိပါ။ တည်ဆဲတရားဥပဒေတစ်ခုခုကို ချိုးဖောက်သော ရာဇဝတ်သားများ၊ နိုင်ငံတော်တည်ငြိမ်ရေးနှင့် လုံခြုံအေးချမ်းရေးတို့ကို ထိပါးနှောင့်ယှက်နေသော အကြမ်းဖက်သမားများကို တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်းထားမှုများသာ ရှိပါသည်။ မြန်မာနိုင်ငံသာ မဟုတ်ဘဲ မည်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံမဆို မိမိနိုင်ငံ၏ တရားဥပဒေကို ချိုးဖောက်သူများ၊ အကြမ်းဖက်သမားများကို ဥပဒေအရ အရေးယူမှုများ ပြုလုပ်လျက်ရှိပါသည်။ ထိုကဲ့သို့ ပြစ်မှုကျူးလွန်သူများကို နိုင်ငံရေးအကျဉ်းသမား ခေါင်းစဉ်အောက်သို့ ထည့်သွင်းခြင်းသည် အမှန်တရားကို မျက်ကွယ်ပြုရာရောက်သည့်အပြင် ရာဇဝတ်သားများ၊ အကြမ်းဖက်သမားများကိုလည်း အကာအကွယ်ပေးရာ ရောက်နေပါသည်။

မြန်မာနိုင်ငံကို ဒဏ်ခတ်ပိတ်ဆို့ရန်နှင့် လုံခြုံရေးကောင်စီသို့ တင်ပြရန် လှုံ့ဆော်နေသော အမေရိကန်လွှတ်တော်အမတ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အင်န်ဂျီအိုများအတွင်း၌ မြန်မာနိုင်ငံတွင် စစ်မှန်သော ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် လိုလားသည့် စိတ်ကောင်းစေတနာမှန်ရှိသူများလည်း ပါဝင်ကောင်း ပါဝင်နိုင်ပါသည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်များ၏စေတနာကို အကြမ်းဖက်အဖွဲ့များ၊ အကြမ်းဖက်သမားများက အခွင့်ကောင်းယူ လှည့်စားအသုံးချနေသည်ကို မြင်တွေ့နေရသည့်အတွက် များစွာစိတ်ပျက်စရာဖြစ်နေပါသည်။ မြန်မာနိုင်ငံ၏ အကျိုးကို လိုလားသည်ဆိုပါက ထိုပုဂ္ဂိုလ်များအနေဖြင့် ပြည်တွင်းတွင် ဖြစ်ပေါ်တိုးတက်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံ၏ ဖွံ့ဖြိုးမှုအခြေအနေမှန်များကို တရားဝင်ကိုယ်တိုင်လာရောက် ကြည့်ရှုလေ့လာသင့်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ အခြေအနေသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်နိုင်သည့် အနေအထားရှိသည်ဟု ၎င်းတို့ စွပ်စွဲပြောဆိုနေသည့်အတိုင်း မှန်ကန်မှု ရှိမရှိကို ၁၉၈၈ ခုနှစ် မတိုင်မီအခြေအနေနှင့် လက်ရှိအခြေအနေတို့အပေါ် နှိုင်းယှဉ်လေ့လာသုံးသပ်ရန်လည်း လိုအပ်မည်ဖြစ်ပါသည်။

## တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကြားပဋိပက္ခ

၁၉၈၈-၁၉၉၂ ခုနှစ်အထိ မြန်မာနိုင်ငံ နယ်စပ်တစ်လျှောက်တွင် သောင်းကျန်းသူအဖွဲ့အမျိုးမျိုးသည် အခိုင်အမာစခန်းကြီးများ တည်ဆောက်ကာ မြန်မာနိုင်ငံမှ သယံဇာတပစ္စည်းများ ခိုးထုတ်ခြင်း၊ မူးယစ်ဆေးဝါးများ စိုက်ပျိုးထုတ်လုပ်ရောင်းချခြင်း၊ ထိုလုပ်ငန်းများမှ ရရှိသည့်ငွေများဖြင့် မှောင်ခိုလက်နက်များ ဝယ်ယူခြင်းတို့ကို လုပ်ဆောင်ခဲ့ကြပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ထိုစဉ်က နယ်စပ်ဒေသများကို စိုးမိုးနိုင်ခြင်းမရှိသောကြောင့် ထိုဒေသများတွင် လက်နက်နှင့် မူးယစ်ဆေးဝါးဈေးကွက်များ ကျယ်ကျယ်ပြန့်ပြန့် ပေါ်ပေါက်ခဲ့ပါသည်။ ထိုစခန်းများနှင့် ပတ်ဝန်းကျင်ဒေသများတွင် တပ်မအဆင့်တိုက်ပွဲကြီးများ၊ အမြောက်ပစ်ကူ၊ လေကြောင်းပစ်ကူဖြင့် တိုက်ခိုက်ရသော တိုက်ပွဲကြီးများ ဖြစ်ပွားခဲ့ပါသည်။ ယခုအချိန်တွင် မြန်မာနိုင်ငံအတွင်း၌ သောင်းကျန်းသူများ၏ အခိုင်အမာစခန်းကြီးဟူ၍ တစ်ခုမျှမရှိတော့ပါ။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ကြီး၁၇ဖွဲ့နှင့် အဖွဲ့ငယ် ၁၈ ဖွဲ့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခဲ့ပြီး လက်ကျန်သောင်းကျန်းသူအဖွဲ့သုံးဖွဲ့သည်လည်း တစ်ဖက်နိုင်ငံရှိ ဒုက္ခသည်စခန်းဟုဆိုသော နေရာများတွင်သာ အခြေပြုနေထိုင်ပြီး လှုပ်ရှားမှုအနည်းငယ်သာ ဆောင်ရွက်နိုင်ပါသည်။ တိုက်ပွဲကြီးများ မရှိတော့သဖြင့် နယ်စပ်ဒေသအားလုံး အေးချမ်းသာယာနေပြီဖြစ်ပါသည်။ ယင်းသို့သော ၁၉၈၈-၁၉၉၂ တစ်ဝိုက် အခြေအနေများ ဆိုးရွားနေစဉ်ကပင် မြန်မာနိုင်ငံအရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေသည်ဟု စွပ်စွဲခဲ့မှုမရှိဘဲ ထိုစဉ်ကထက် တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုများ ထူးထူးခြားခြားရရှိဖြစ်တည်နေသည့် ယနေ့ကာလမျိုးတွင်မှ ယခုကဲ့သို့ စွပ်စွဲပြောဆိုခြင်းသည် ကျိုးကြောင်းခိုင်လုံမှု လုံးဝမရှိကြောင်း ထင်ရှားနေပါသည်။

## ဒုက္ခသည်ပြဿနာ

၁၉၉၂ ခုနှစ်နောက်ပိုင်းမှစပြီး နယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တစ်ဖက်နိုင်ငံတွင် ရောက်ရှိနေသော ဒုက္ခသည်များ၊ တိမ်းရှောင်နေသော ရွာသူရွာသားများသည် မိမိတို့ နေရပ်သို့ ပြန်လည်အခြေချနေထိုင်နေကြပြီဖြစ်ပါသည်။ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကလည်း ၎င်းတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါသည်။ နိုင်ငံတော်အစိုးရကလည်း နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် သီးခြားဝန်ကြီးဌာနတစ်ခု ဖွဲ့စည်းပြီး ဆောင်ရွက်ပေးလျက်ရှိပါသည်။

အကြမ်းဖက်သောင်းကျန်းသူများနှင့် ပြည်ပြေးအဖွဲ့များသည် အိမ်နီးချင်းနိုင်ငံများသို့ စီးပွားရေးအတွက် တရားမဝင် သွားရောက်နေထိုင် လုပ်ကိုင်နေသူများကိုပင် ဒုက္ခသည်များအဖြစ် သတ်မှတ်ပြောဆိုကာ နိုင်ငံတော်အစိုးရကို သိက္ခာကျဆင်းစေရန်၊ မြန်မာနိုင်ငံအတွင်း အခြေအနေများမှာ စိုးရိမ်ဖွယ်ရာဖြစ်သည်ဟု ထင်မြင်လာစေရန်နှင့် နိုင်ငံတကာအဖွဲ့အစည်းများထံမှ အကူအညီများကို လိမ်လည်လှည့်ဖြားရယူရန် ဆောင်ရွက်လာသည်ကိုလည်း တွေ့ရသည်။ ထိုသူများကို တရားမဝင် သွားရောက်လုပ်ကိုင်နေသည့် အလုပ်သမားများအဖြစ်သာ သတ်မှတ်ရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများတွင် အလုပ်လုပ်ကိုင်လိုသူများအတွက် တရားဝင်သွားရောက်လုပ်ကိုင်ခွင့် ရရှိစေရန် အလုပ်သမားဝန်ကြီးဌာနမှ သက်ဆိုင်ရာ နိုင်ငံများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် ထိုနိုင်ငံများသို့ တရားမဝင်ရောက်ရှိနေသော အလုပ်သမားများ၏ ပြဿနာကို ဖြေရှင်းနိုင်ရေးအတွက်လည်း သက်ဆိုင်ရာနိုင်ငံများနှင့် ညှိနှိုင်းပေါင်းစပ် ဖြေရှင်းပေးလျက်ရှိပါသည်။ ယနေ့အချိန်တွင် တစ်ဖက်နိုင်ငံရှိ ဒုက္ခသည်စခန်း အမည်ခံနေရာများတွင် နေထိုင်သူများမှာ သောင်းကျန်းသူမိသားစုများနှင့် ၎င်းတို့၏ ဆွေမျိုးသားချင်းများသာဖြစ်သည်ကို တွေ့ရမည်ဖြစ်ပါသည်။ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တစ်ဖက်နိုင်ငံရှိ ဒုက္ခသည်စခန်းအမည်ခံထားသော နေရာများတွင် နေထိုင်ခွင့် ရရှိစေရန်၊ ဒုက္ခသည်များအတွက် နိုင်ငံတကာမှ ထောက်ပံ့ကူညီမှုများကို ၎င်းတို့ အဖွဲ့အစည်းတွက် အသုံးပြုရန် နိုင်ငံတော်အစိုးရပေါ် မမှန်မကန်စွပ်စွဲမှုများ ပြုလုပ်လေ့ရှိသည်မှာ လုပ်ရိုးလုပ်စဉ်ပင်ဖြစ်ပါသည်။ ထိုကဲ့သို့သော အကြမ်းဖက်သောင်းကျန်းသူများ၏ မမှန်မကန် စွပ်စွဲပြောဆိုမှုများ၊ လိမ်လည်တင်ပြမှုများကို ဝေဖန်ဆန်းစစ်မှုမပြုဘဲ လက်ခံနေခြင်းသည် အကြမ်းဖက်သမားများနှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းလုပ်ကိုင်သည့်သဘောသို့ သက်ရောက်စေပါသည်။

## မူးယစ်ဆေးဝါးပြဿနာ

မြန်မာနိုင်ငံအစိုးရသည် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုများကို (၁၅)နှစ် စီမံကိန်းချမှတ်ပြီး တိုက်ဖျက်လျက်ရှိသည်ကို ကုလသမဂ္ဂနှင့် အမေရိကန်အပါအဝင် နိုင်ငံတကာမှ သိရှိပြီးဖြစ်ပါသည်။ ထိုမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုလည်း မြန်မာတစ်နိုင်ငံတည်းအနေဖြင့် ဆောင်ရွက်ခြင်း မဟုတ်ဘဲ အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံသဘောတူစာချုပ်များ ချုပ်ဆို၍လည်းကောင်း၊ ကုလသမဂ္ဂနှင့်လည်းကောင်း၊ အမေရိကန်၊ ရုရှားဖက်ဒရေးရှင်း စသည့်နိုင်ငံများနှင့်လည်းကောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပါသည်။ အမေရိကန်နိုင်ငံနှင့် ပူးတွဲပြုလုပ်သော တိုင်းတာချက်များအရလည်း မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု သိသိသာသာကျဆင်းခဲ့ကြောင်း အသိအမှတ်ပြုထားပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးလုပ်ငန်းများ၏ အောင်မြင်မှုများကို သံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ သတင်းဌာနများကို ဖိတ်ခေါ်ရှင်းလင်းပြသပြီး လက်တွေ့ကွင်းဆင်းလေ့လာနိုင်စေရန် အကြိမ်ကြိမ်ဆောင်ရွက်ပေးခဲ့ပြီးလည်း ဖြစ်ပါသည်။ ထိုခရီးစဉ်များတွင်လည်း မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်မှုများကို မည်သည့်အဖွဲ့အစည်းက ဆောင်ရွက်နေသည်ဆိုသည်ကိုလည်း အထောက်အထားများနှင့်တကွ ရှင်းလင်းပြောကြား အသိပေးခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံရှိ အနောက်အုပ်စုသံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် နယ်စပ်ဒေသများသို့ ၎င်းတို့အစီအစဉ်ဖြင့် အကြိမ်ကြိမ်သွားရောက်၍ လေ့လာမှုများ ပြုလုပ်ခဲ့ကြပြီးဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပြဿနာကြောင့် ဒေသတွင်းလုံခြုံရေးကို ထိခိုက်စေသည်ဆိုသည့် စွပ်စွဲချက်မှာ ပြောင်ပြောင်တင်းတင်း လီဆယ်စွပ်စွဲချက်သာဖြစ်ကြောင်း ထိုအဖွဲ့အစည်းများ၊ တာဝန်ရှိသူများကိုယ်တိုင် သိရှိနေကြပြီးဖြစ်ပါသည်။

## ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါဖြစ်ပွားမှု

မြန်မာနိုင်ငံတွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါ၊ တီဘီရောဂါ နှင့် ငှက်ဖျားရောဂါ ဖြစ်ပွားမှုများကို ကျန်းမာရေးဝန်ကြီးဌာနက အမျိုးသားကျန်းမာရေးစီမံချက်ကို ရေးဆွဲပြီး ကာကွယ်ခြင်း၊ ပညာပေးခြင်း၊ ကုသခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအင်န်ဂျီအိုများနှင့်လည်း ပူးပေါင်းဆောင်ရွက်နေပါသည်။ ဤနေရာတွင် အထက်ပါရောဂါသုံးမျိုး ကာကွယ်ကုသရေးတွင် အကူအညီပေးနေသော Global Fund အဖွဲ့ထွက်ခွာသွားခြင်းကို ရှင်းလင်းဖော်ပြလိုပါသည်။ Global Fund သည် မြန်မာနိုင်ငံတွင် ငါးနှစ်စာလုပ်ငန်းဆောင်ရွက်ရန် ဒေါ်လာ ၉၈ သန်း ထောက်ပံ့ရန် သဘောတူခဲ့ပြီးနောက် တီဘီရောဂါတိုက်ဖျက်ရေးအတွက် ဒေါ်လာ ၆ ဒသမ ၉ သန်းကို ၁-၁-၂၀၀၅ ရက်နေ့တွင်လည်းကောင်း၊ စာမျက်နှာ ၁၁ ကော်လံ ၁

**ကုလသမဂ္ဂလုံခြုံရေးကောင်စီကို လှည့်စားအသုံးချနိုင်ရန် ကြိုးပမ်းနေ**

**မြန်မာနိုင်ငံသည် အာဆီယံ၊ ဘင်းမ်စတက်စသော ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဘက်မလိုက် လှုပ်ရှားမှုအဖွဲ့ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများတွင် တက်ကြွစွာ ပါဝင်ပူးပေါင်းလှုပ်ရှား နေသည့်အချိန်မျိုးတွင် မြန်မာနိုင်ငံ၏ အရေးကိစ္စသည် ဒေသတွင်းလုံခြုံရေးကို ခြိမ်းခြောက်နေ သည်ဆိုသည့် ပြောဆို စွပ်စွဲမှုများမှာ ယုတ္တိကင်းမဲ့နေသည်ကို တွေ့ရမည်ဖြစ်၊ ထိုစွပ်စွဲမှုအားလုံးသည် အမေရိကန်လွှတ်တော်အမတ်အချို့နှင့် ပြည်တွင်းရှိပြည်ပသြဇာခံအဖွဲ့များ၊ ပြည်ပရှိ အကြမ်းဖက် အဖွဲ့များက ၎င်းတို့၏ နိုင်ငံရေးအာဏာရရှိရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို လှည့်စား အသုံးချနိုင်ရန် ကြိုးပမ်းနေမှုများသာဖြစ်။**

# စာတတ်မြောက်ရေးမှသည် . . .

ဦးတင်ညို

ကမ္ဘာ့လူသားအားလုံး စာတတ်မြောက်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းခဲ့ကြသည်မှာ အချိန်ကြာမြင့်ခဲ့ပါပြီ။ စာတတ်မြောက်ရေးသည် လူတစ်ဦး၏ ဘဝအတွက်သာမက မိသားစု၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံအတွက်ပါ မရှိမဖြစ်အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ရာ ကမ္ဘာကြီး အေးချမ်းသာယာရေးနှင့် တိုးတက်ဖွံ့ဖြိုးရေးအတွက် မဖော်ဆောင်ဘဲ နေ၍မရသော လုပ်ငန်းကြီးပင် ဖြစ်သည်။ ၁၉၉၀ပြည့်နှစ်တွင် ထိုင်းနိုင်ငံ ဂျွန်တီယမ်မြို့၌ ကျင်းပခဲ့သည့် ကမ္ဘာ့ပညာရေးညီလာခံက လူတိုင်းအတွက် ပညာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် နိုင်ငံအသီးသီး၏ ၁၉၉၀ပြည့်နှစ် စာမတတ်သူရာခိုင်နှုန်းကို ၂၀၀၀ ပြည့်နှစ်၌ ထက်ဝက်သို့လျှော့ချပစ်နိုင်ရေး ကြိုးပမ်းကြရန် ရည်မှန်းဆောင်ရွက်ခဲ့ကြပါသည်။ သို့သော်လည်း ၁၉၉၉ခုနှစ်တွင် ပြန်လည်ဆန်းစစ်သောအခါ ကမ္ဘာပေါ်တွင် လူဦးရေသန်း၈၈၀ခန့်မှာ လုံးဝစာမတတ်ကြသေးကြောင်း တွေ့ရှိလာကြရသည်ဖြစ်၍ ဒုတိယအဆင့် အရှိန်မြှင့်ဆောင်ရွက်နိုင်ရန် ကမ္ဘာ့နိုင်ငံ အသီးသီးက ကိုယ်စားလှယ်များ တက်ရောက်ကြသော ဆီနီဂေါနိုင်ငံဒါကာမြို့တွင်ကျင်းပသည့် ပညာရေးညီလာခံကြီး၌ လူတိုင်းအတွက်ပညာရေး အကောင်အထည်ဖော်ဆောင်ရွက်ရေး ကမ္ဘာ့နိုင်ငံအသီးသီးသည် ၂၀၀၀ပြည့်နှစ်တွင်ရှိသည့် စာမတတ်သူဦးရေ ထက်ဝက်ကို လျှော့ချနိုင်ရေး ရည်မှန်းချက်များကို ထပ်မံချမှတ်ခဲ့ရပြန်ပါသည်။

ကမ္ဘာ့ပညာရေးညီလာခံကချမှတ်မှုနှင့် နိုင်ငံအသီးသီး၏ ကြိုးပမ်းမှုတို့ကြောင့် ယခုအခါတွင် စာတတ်မြောက်မှုရာခိုင်နှုန်းမှာ တိုးမြင့်လာသော်လည်း စာမတတ်သေးသူဦးရေ ထုနှင့်ထည်နှင့် ရှိနေခြင်းမှာ ကမ္ဘာကြီးအတွက် ကြီးမားသော စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပြန်ပါသည်။

ယခုအခါ နိုင်ငံအသီးသီးက အထူးကြိုးပမ်းဆောင်ရွက်ချက်ဖြင့် သက်ကြီးစာမတတ်သူ ရာခိုင်နှုန်းကို လျှော့ချနိုင်ခဲ့သည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။ သို့သော် ကျဆင်းလာသည့် ရာခိုင်နှုန်းမှာ စာတတ်မြောက်ရေးဆိုင်ရာ ကမ္ဘာ့ရည်မှန်းချက်ကြီးကို ပြည့်မီအောင် အထူးကြိုးပမ်းကြရဦးမည်သာ ဖြစ်ပါသည်။ ယနေ့ကမ္ဘာကြီး၌ စာမတတ်သူ ရာခိုင်နှုန်း၅၀ အထက်ရှိသော၊ သို့မဟုတ် စာမတတ်သူဦးရေ ၁၀သန်းကျော် အထက်ရှိသော နိုင်ငံပေါင်း၃၃နိုင်ငံ စာရင်းပေါက်လျက်ရှိနေကြပါသည်။

ကမ္ဘာတွင် အမျိုးသမီးစာမတတ်သူများ၏ ရာခိုင်နှုန်းမှာ ၆၄ ရာခိုင်နှုန်းအထိ မြင့်မားလျက်ရှိကြောင်း စာရင်းဇယား အထောက်အထားများအရ တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အမျိုးသမီးများ၏ စာတတ်မြောက်ရေးကို အထူးကြိုးပမ်းနေချိန်လည်း ဖြစ်ပါသည်။ **"အမျိုးသမီးတစ်ယောက်ကို ပညာသင်ကြားပေးခြင်းသည် နိုင်ငံကို သင်ကြားပေးရာရောက်သည်"**(Educate a woman, educate a Nation)ဟုပင် ဆိုစကားဖြစ်နေပါသည်။ ဆိုလိုရင်းမှာ အမျိုးသမီးတစ်ယောက် စာတတ်မြောက်လာပါက မိသားစုတစ်စုလုံးအတွက် ကျန်းမာရေးနှင့် ညီညွတ်ပြည့်စုံသော မိသားစုအိမ်ထောင်ဘဝကို အဘက်ဘက်မှ ဖြည့်ဆည်း ဆောင်ကြဉ်းပေးနိုင်ရုံမျှမက မိမိကိုယ်တိုင်၏ ပညာရေးကိုလည်း ဆက်လက်ရယူနိုင်မည် ဖြစ်ပါသည်။ အဆိုပါ မိသားစု၏ ဘဝသည် ဝန်းကျင်ကိုစံပြုလျက် အမျိုးသမီးများ စာတတ်ရေး၊ စာမတတ်သေးလျှင်လည်း တိုက်တွန်းအားပေးသည့် အသွင်ရှိမည်ပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ရှေးခေတ် အဆက်ဆက်ကပင် စာတတ်မြောက်ရေးကို အလေးအနက်ထားခဲ့ရာ ထိုစဉ်ကာလက အထင်ကရရှိခဲ့သည့် ဘုန်းတော်ကြီးကျောင်း ပညာရေးသည် အရေးပါသော အခန်းကဏ္ဍဖြစ်ခဲ့ကာ ထိုခေတ်ထိုအခါက မြန်မာနိုင်ငံ၏စာတတ်မြောက်မှုနှုန်းမှာ စူးအက်တူးမြောင်းနှင့် ဂျပန်နိုင်ငံအကြားရှိ ဒေသ၌ အမြင့်ဆုံးဖြစ်ခဲ့သည်ဟူ၍ နိုင်ငံတကာ ပညာရေးလေ့လာသူ နိုင်ငံခြားသားတစ်ဦးက မှတ်ချက်ပြုခဲ့ဖူးပါသည်။ ထိုခေတ် ထိုကာလ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အခြေအနေမှတ်တမ်းများတွင် အထောက်အထား ပြည့်ပြည့်စုံစုံ ရှိနေပါသည်။ ကိုလိုနီခေတ်ကာလတွင် စာတတ်မြောက်နှုန်း လျော့ကျခဲ့ပြီး လွတ်လပ်ရေးရရှိပြီးနောက် တစ်နှစ်ထက်တစ်နှစ် ပြန်လည်တိုးတက် လာခဲ့ပါသည်။ ၁၉၆၄ခုနှစ်က ရှေ့ပြေးစမ်းသပ်ဆောင်ရွက်ခဲ့သည့် 'အ'သုံးလုံးကျေ သင်တန်းမှသည် မြန်မာနိုင်ငံ စာတတ်မြောက်ရေး လှုပ်ရှားဆောင်ရွက်မှုသည် လူထုလှုပ်ရှားမှုအသွင်ဖြင့် အရှိန်မြှင့်ဆောင်ရွက်ခဲ့၍ ထူးထူးခြားခြား သိသာစွာ တိုးတက်လာခဲ့ပါသည်။ လူတိုင်းအတွက် ပညာရေးကို ၁၉၉၀ပြည့်နှစ်မှအစပြု၍ လုပ်ငန်းကဏ္ဍကြီး တစ်ရပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်လာခဲ့၍ ယခုအခါ ၂၀၀၆ခုနှစ်တွင် သက်ကြီးစာတတ်မြောက်နှုန်းမှာ ၉၄ဒသမ၃၅ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ပါသည်။ ယင်းမှာ နိုင်ငံအတွက် ချမှတ်သော ရည်မှန်းချက်ကိုပင် ကျော်လွန်လာနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

ယခုရရှိထားသော စာတတ်မြောက်နှုန်း ထပ်ဆင့်မြင့်မားစေရေးအတွက် ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့အစည်း၊ လူမှုရေး အဖွဲ့အစည်းများ အပါအဝင် အများပြည်သူ ပါဝင်ပူးပေါင်းကြိုးပမ်းမှုဖြင့် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ စာတတ်မြောက်ပြီးသူများအတွက်လည်း စာဖတ်ရှိန်မြှင့်တင်ရေးကို စနစ်တကျ ဖော်ဆောင်သွားကြရန် လိုအပ်ပါသည်။ သို့မှသာ တတ်မြောက်ပြီးဖြစ်သော အရေး၊အဖတ်၊အတွက်နှင့် အခြားအရည်အသွေးများကို စွဲမြဲစေသည်သာမက ကိုယ်တိုင် လေ့လာသင်ယူမှုအတွက် အရေးကြီးသည့် အလေ့အကျင့်တစ်ရပ် ရရှိလာနိုင်မည်ဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်ရာ၌ ရပ်ရွာပြည်သူများ၏ ပူးပေါင်းပါဝင်မှုကိုရယူလျက် ပညာရေးဝန်ကြီးဌာန၏ လက်ရှိကြိုးပမ်းမှုဖြစ်သော ရပ်ရွာပညာပဒေသာဌာနများသည် အဆိုပါ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့်ဌာနများ ဖြစ်ပါသည်။ စာဖတ်ရှိန်မြှင့်တင်ပေးသည့် အစီအစဉ်မှသည် သတင်းအချက်အလက် ဖြန့်ဖြူးရေးဌာန၊ ယဉ်ကျေးမှု ဖလှယ်ရာဌာန၊ အသက်မွေးဝမ်းကျောင်း သင်တန်းဌာန၊ အပန်းဖြေရာဌာန၊ ဆုံစည်းရာဌာန စသည်ဖြင့် အမျိုးမျိုးသောလုပ်ငန်းများကို အထောက်အကူပြု ဖော်ဆောင်သည့် ဌာနတစ်ခုဖြစ်ပါသည်။

ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးမှူးဆောင်ရွက်မှုဖြင့် နိုင်ငံတစ်ဝန်း ကျေးရွာအနှံ့ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ပြီ ဖြစ်သော ကျေးရွာစာကြည့်တိုက်များသည် သုတ/ရသအစုံစုံကို ပေးစွမ်းနိုင်ကြသည်ဖြစ်၍ အဆိုပါ စာကြည့်တိုက်များကို စာတတ်မြောက်ပြီးသူများက အကျိုးရှိရှိ အသုံးချလျက် ဆက်လက်လေ့လာဆည်းပူးမှု ပြုကြရန် လိုအပ်ပါသည်။ အဆိုပါ အခွင့်ကောင်းကို ပြည့်ပြည့်ဝဝ အသုံးချနိုင်ရေးအတွက်လည်း ကျေးရွာများရှိ သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ပါသည်။ စာတတ်ပြီးစ သူများသည် စာဖတ်မှုစွဲမြဲသည်နှင့်အမျှ ပညာရပ်တို့ကို ရှာဖွေလေ့လာတတ်လာကြမည်ဖြစ်၍ စာဖတ်ရှုမှုမှာ ရှိနေရမည့် အခြေခံအကျဆုံးလိုအပ်သည့် အလေ့အကျင့်ပင် ဖြစ်ပါသည်။ သင်ယူလေ့လာခဲ့သည်များကို စွဲမြဲခိုင်မာစေပြီး တစ်သက်တာ သင်ယူနိုင်ရေးအတွက် အထူးလိုအပ်ချက်ပင် ဖြစ်သည်။ ဤသည်ပင်လျှင် နိုင်ငံတကာက ကျင့်သုံးလျက်ရှိကြသော စဉ်ဆက်ပညာရေး(Continuing Education)လုပ်ငန်းစဉ်တစ်ခုကို အခြေခံချပေးနိုင်ခြင်းဖြစ်ပါသည်။ အခြားလုပ်ငန်းစဉ်များဖြစ်သော ဝင်ငွေ တိုးလုပ်ငန်းများ(Income Generation)၊ ဘဝသာယာရေးဆိုင်ရာ အခြားသော လုပ်ငန်းများဖြင့် လူ့သက်တမ်းတစ်လျှောက်တွင် အစဉ်လေ့လာသင်ယူသည့် လူ့အဖွဲ့အစည်း ဖြစ်လာနိုင်ပါသည်။ အဆိုပါ လုပ်ငန်းစဉ်များသည် ကျောင်းပညာရေး (Formal˚ Education) နယ်ပယ်ကို ကျော်လွန်၍ ကျောင်းပြင်ပ ပညာရေးစနစ် (Non-Formal Education)နှင့်အတူ ကိုယ်တိုင်သတ်မှတ်သင်ယူ ပညာရေး(Informal Education)တို့ဖြင့် ဖြည့်ဆည်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။




ကျောင်းပြင်ပ ပညာရေးဟူသည်မှာ ကျောင်းပညာရေးစနစ်၏ ပြင်ပမှ အသက်အရွယ် အမျိုးအမျိုးသော သင်ယူလိုသူများအတွက် စနစ်တကျစုစည်းပြီး ရည်ရွယ်ချက်ပြီးမြောက်နိုင်ရေး ဆောင်ရွက်သည့် အစီအစဉ်များ ဖြစ်သည်။ စာတတ်မြောက်ရေးလုပ်ငန်း၊ အချက်အပြုတ်၊ အချုပ်အလုပ် သင်တန်းများ၊ အားကစားသင်တန်းများ၊ မိခင် လောင်းများအတွက် ကျန်းမာရေးစောင့်ရှောက်မှု သင်တန်းများ၊ ကျွမ်းကျင်မှု သင်တန်းများ၊ မွမ်းမံသင်တန်းများ စသည်ဖြင့် ကျယ်ကျယ်ပြန့်ပြန့်ရှိကြသည်။ ဤအစီအစဉ်များသည် သင်ယူသူအတွက် ၎င်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် ဘဝအတွက် အကျိုးပြု သင်တန်းများ၊ လုပ်ငန်း အစီအစဉ်များ ဖြစ်ကြပါသည်။ ကိုယ်တိုင် သတ်မှတ်သင်ယူပညာရေး (Informal˚Education)သည် မိမိဆန္ဒဖြင့် လိုအပ်သည့် အတတ်ပညာ၊ အသိပညာ ကျွမ်းကျင်မှုတို့ကို သတင်းစာ၊ ဂျာနယ်၊ စာအုပ်စာစောင်၊ ရေဒီယို၊ ရုပ်မြင်သံကြား စသည့် လူထုဆက်သွယ်ရေးနည်းလမ်း အသွယ်သွယ်ဖြင့် ရည်မှန်းချက်အတိုင်း ရရှိအောင် သင်ယူခြင်းဖြစ်ရာ ပိုမိုလွတ်လပ်ပြီး မိမိဆန္ဒလိုအပ်ချက်အပေါ်တည်မှီသဖြင့် သင်ယူသူများ ပိုမိုစွဲမြဲကြစေရန် ဘဝတစ်လျှောက်လုံး သင်ယူသွားနိုင်သည့် အစီအစဉ်ဖြစ်ပါသည်။

ဤသို့ဖြင့် အခြေခံ စာတတ်မြောက်ရေးမှသည် ဆက်လက်၍ သင်ယူနိုင်သည့် အခွင့်အလမ်းများစွာရှိလာရာ ၎င်းတို့သည် ဘဝတိုးတက်မှုအတွက် စဉ်ဆက်သင်ယူနိုင်သည့်ပညာများ ဖြစ်ကြပါသည်။ စာတတ်မြောက်ရေးဆိုရာတွင်လည်း အခြေခံစာတတ်မြောက်ရေးမှသည် လုပ်ငန်းအခြေပြု စာတတ်မြောက်ရေး (Functional Literacy)၊ ကျွမ်းကျင်မှု အခြေပြု စာတတ်မြောက်ရေး(Skills-based Literacy) ဟူ၍ ရှိကြပြန်ပါသေးသည်။ အဓိကအားဖြင့် ပြောင်းလဲလာသည့် အတတ်ပညာ ကျွမ်းကျင်မှုများကို စနစ်တကျ နားလည်ကိုင်တွယ်အသုံးပြုနိုင်ရေး အစီအစဉ်များ ဖြစ်ကြပါသည်။ အချို့နိုင်ငံများတွင် ကွန်ပျူတာတတ်ကျွမ်းမှုရှိမှသာ စာတတ်သည်ဟုခံယူကြပြီး Computer Literate ဖြစ်ရေးအထိ ကြိုးပမ်းလာနေကြပြီဖြစ်သည်။ သို့ဖြစ်ရာ လိုအပ်ချက် အဆင့်အလိုက် တိုးမြှင့်ဆောင်ရွက်ကြရမည်သာဖြစ်၍ စာတတ်မြောက်ရေးသည် အကျိုးပြုလုပ်ငန်းများ၊ ဘဝအတွက် လိုအပ်ချက်များအတွက် အခြေခံအကျဆုံး ဖြစ်လာပါသည်။ နမူနာအားဖြင့် စာတတ်မြောက်ရေးလုပ်ငန်းကို ပန်းချီကားတစ်ချပ်ဖြင့် တင်စားကြည့်ပါက ခဲခြစ်ခြင်း၊ ပုံကြမ်းလောင်းခြင်း၊ အရောင်သွင်းခြင်း၊ အသေးစိတ်ခြယ်မှုန်းခြင်းများဖြင့် အချိန်ယူမှသာ လှပတင့်တယ်သော ပန်းချီကားတစ်ချပ် ဖြစ်နိုင်ပါမည်။ သို့ဖြစ်၍ အဆင့်ဆင့်သော ပညာများ ဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်ကြီးဖြစ်ရာ မပြီးဆုံးသေးသော ပန်းချီကားတစ်ချပ်အဖြစ် နိုင်ငံတကာက ပုံဖော်နေသည်ဟုပင်ဆိုပါက ကဗျာဆန်ရာကျမည် မထင်ပါ။ အဓိကအားဖြင့် စာတတ်မြောက်ရေးက ကိုယ်ကျင့်တရားကောင်းမွန်ရေး၊ အမှားအမှန်ကို ခွဲခြားတတ်ပြီး ကျွမ်းကျင်မှု အတတ်ပညာကို အစဉ်လေ့လာသင်ယူနေသော ဘဝအကျိုးပြု လူသားတစ်ယောက် ဖြစ်မြောက်လာစေမည်ဖြစ်ပါသည်။ ယင်းကိုပင်လျှင် တစ်ကမ္ဘာလုံးက အထူးမျှော်လင့်ရင်း ရောက်ရှိလာခဲ့သည့် ၂၁ရာစုနှစ်၏ မျှော်လင့်ချက်ကြီးတစ်ရပ် ဖြစ်သည်ဆိုပါက မမှားပါ။ စာမှတစ်ဆင့် ပညာကိုတတ်မြောက်ကြရေးသည် ရေရှည်တည်တံ့ဖွံ့ဖြိုးသော မိသားစု၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံအဖြစ်ရပ်တည်နိုင်ရေး ပဓာနလိုအပ်ချက်ဖြစ်ပါသည်။

ယခုအခါ စာတတ်မြောက်ရေးနှင့်စပ်လျဉ်း၍ 'Literacy is not only to read the words, but also to read the world. ဟူ၍ စာတတ်မြောက်ရေးသည် စာလုံးသင်္ကေတသက်သက်ကိုသာ ဖတ်ရှုရန်မဟုတ်၊ ကမ္ဘာ့အခြင်းအရာများကို ပိုဖတ်ရှုတတ်ရန် လိုအပ်လာပြီဖြစ်ကြောင်း ကျယ်ပြန့်စွာ ဖွင့်ဆိုလာကြပါသည်။ ကမ္ဘာ့ပညာရေးပညာရှင် တစ်ဦးကမူ **''နှစ်ဆယ့်တစ်ရာစုခေတ်တွင် စာမတတ်သူများဟူသည် အရေး၊အဖတ်၊အတွက် မတတ်သူများမဟုတ်တော့ဘဲ သင်ယူမှု၊ အဖန်တလဲလဲ သင်ယူမှု၊ တစ်ဖန်ပြန်လည်သင်ယူမှုတို့ကို မပြုသူများသာဖြစ်သည်''** ဟူ၍ အဓိပ္ပာယ်သတ်မှတ်ချက်အသစ်ကို ဖွင့်ဆိုထားပါသည်။ သို့ဖြစ်ရာ ဤပြောင်းလဲလာသော အယူအဆများအပေါ် အခြေခံလျက် စာတတ်မြောက်ရေးမှသည် ရှည်လျားသော ခရီးရှည်ကြီးကို ဆက်လှမ်းရမည်သာ ဖြစ်ပေသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော **"နိုင်ငံတကာ စာတတ်မြောက်ရေးနေ့"** ၏လှုပ်ရှားဆောင်ရွက်မှုကို ယခုအခါ **"ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်''**(United Nations Literacy Decade)အဖြစ် အဆင့်မြှင့်ကာ ဆောင်ရွက်လာစေသည့် ကာလဖြစ်ပေရာ မြန်မာနိုင်ငံ၏ အရှိန်အဟုန် ရရှိနေပြီဖြစ်သော စာတတ်မြောက်ရေး ကြိုးပမ်းမှုများကို အဆင့်တိုင်းက တိုးမြှင့်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ဤသည်မှာ နိုင်ငံ၏ ကတိကဝတ်ဖြစ်သကဲ့သို့ ကမ္ဘာ၏ကတိကဝတ်လည်းဖြစ်ပါကြောင်း နိုင်ငံတကာစာတတ်မြောက်ရေးနေ့တွင် တင်ပြလိုက်ရပါသည်။ ။

*စာမျက်နှာ ၉ ဆောင်းပါးမှအဆက်*

ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်ရန် ဒေါ်လာ ၁၉ သန်းကို ၁၃-၆-၂၀၀၅ ရက်နေ့တွင်လည်းကောင်း၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေး လုပ်ငန်း ဆောင်ရွက်ရန် ဒေါ်လာ ၉ ဒသမ ၄ သန်းကို ၁-၃-၂၀၀၅ ရက်နေ့တွင်လည်းကောင်း စတင်ရရှိခဲ့ပြီး လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ထိုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေးသုံးစွဲမှုများကို UNDPမှ အဓိကတာဝန်ယူ ဆောင်ရွက်ပြီး ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီးက Country Coordination Mechanism. CCM တွင်သာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပါသည်။ ထိုသို့ လုပ်ငန်းများ စတင်ပြီး လပိုင်းမျှသာကြာမြင့်သေးသည့်အချိန် ၁၈-၈-၂၀၀၅ ရက်နေ့၌ Global Fund မှ ကျွမ်းကျင်သူများ စီမံချက်ဒေသများသို့ သွားရောက်နိုင်ခြင်းမရှိဟု အကြောင်းပြပြီး စီမံချက်များကို တစ်ဖက်သတ် ရပ်ဆိုင်းခဲ့ခြင်းဖြစ်ပါသည်။ ထိုအကြောင်းပြချက်သည် ကြောင်းကျိုးဆီလျော်မှုမရှိသည့်အပြင် ခိုင်လုံမှုလည်းမရှိကြောင်း UNDP,WHO, UNAIDS, UNICEF စသောအဖွဲ့များ၏ သဘောထားထုတ်ပြန်ချက်များတွင် တွေ့ရှိနိုင်ပါသည်။ ထိုဆုံးဖြတ်ချက်ကို နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း သဘောမတူသဖြင့် 3D Fund စီမံချက်အသစ်ဖြင့် ပြန်လည်အစားထိုးရန် ဆောင်ရွက်နေပြီဖြစ်ပါသည်။ အဖြစ်မှန်မှာ Global Fundအနေဖြင့် ရန်ပုံငွေ အများဆုံး ထည့်ဝင်နေသော အမေရိကန်နိုင်ငံ၏ နိုင်ငံရေးအရဖိအား ပေးမှုကို လိုက်လျောခဲ့ရခြင်းသာဖြစ်သည်မှာ ထင်ရှားလှပါသည်။ ထိုအချိန်တွင် ပြည်တွင်းရှိ NLDပါတီနှင့် ကျောင်းသားဟောင်းများအုပ်စုက အေအိုင်ဒီအက်စ်ရောဂါသည်များအား ကူညီစောင့်ရှောက်မှုကို အစိုးရမှ ဆောင်ရွက်ခြင်းမရှိသဖြင့် ၎င်းတို့မှ ဝင်ရောက်ကူညီနေရသည်ဟု ပြည်တွင်းပြည်ပတွင် လုပ်ကြံသတင်း ဖြန့်ချိခြင်း၊ အေအိုင်ဒီအက်စ် ဝေဒနာရှင်များကို နိုင်ငံရေးအရ အမြတ်ထုတ်အသုံးချရန် လုပ်ဆောင်ခြင်း၊ ရောဂါသုံးမျိုးအတွက် အကူအညီများကို ၎င်းတို့မှတစ်ဆင့် ပေးအပ်ရန် တောင်းဆိုခြင်းတို့ကို နိုင်ငံရေးအကွက်ဆင်လုပ်ဆောင်လာသည်ကို တွေ့ရပါသည်။ လက်တွေ့တွင် ကျန်းမာရေးဝန်ကြီးဌာနသည် နိုင်ငံတကာ အကူအညီများမရမီကပင် ကိုယ်ပိုင်စွမ်းအားဖြင့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုကိုရယူကာ ရောဂါသုံးမျိုးတိုက်ဖျက်ရေး လုပ်ငန်းများကို ဆောင်ရွက်နေနှင့်ပြီးဖြစ်ရာ ထိုစီမံချက်များတွင် ပါဝင်ကူညီလိုသူများအနေဖြင့် လက်ရှိနိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာ အင်န်ဂျီအိုများနှင့် ဆောင်ရွက်နေသည့် သဘောတူညီချက်များ၊ စည်းမျဉ်းများအတိုင်းသာ လိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်သော စာရင်းဇယားများအရ မြန်မာနိုင်ငံတွင် ရောဂါသုံးမျိုးဖြစ်ပွားမှု လျော့ကျလာနေပြီး အချို့ အိမ်နီးချင်း နိုင်ငံများထက် ဖြစ်ပွားနှုန်းလျော့နည်းနေသည်ကို လေ့လာ တွေ့ရှိနိုင်ရာ မြန်မာနိုင်ငံ၌ ရောဂါသုံးမျိုးဖြစ်ပွားမှုနှုန်းသည် ပတ်ဝန်းကျင် နိုင်ငံများသို့ ပျံ့နှံ့ဒုက္ခပေးနိုင်သည်ဆိုသည့် စွပ်စွဲချက်မှာလည်း အခြေအမြစ် မရှိသော ပုံကြီးချဲ့ စွပ်စွဲမှုသာ ဖြစ်နေပါသည်။

မြန်မာနိုင်ငံ၏ HIV/AIDS ဖြစ်ပွားနှုန်းမှာ UNAIDS ၏ ၂၀၀၆ ခုနှစ် ထုတ်ပြန်ချက်ဇယားအရ ၁ ဒသမ ၃ ရာခိုင်နှုန်းသာရှိကြောင်း၊ UNDP၏ ထုတ်ပြန်ချက်စာတွင်မူ ၁ ဒသမ ၂ ရာခိုင်နှုန်းသာရှိကြောင်း ဖော်ပြထားပြီး မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတစ်ခု၏ ဖြစ်ပွားမှုနှုန်းမှာ ၁ ဒသမ ၉ ရာခိုင်နှုန်းရှိနေကြောင်း ဖော်ပြထားပါသည်။ သို့ဖြစ်၍ ဖော်ပြပါ HIV/AIDS ဖြစ်ပွားနှုန်းသည် နည်းရာမှ များရာသို့ ကူးစက်ခြင်းမဟုတ်ဘဲ များရာမှ နည်းရာသို့ ကူးစက်ခြင်းဖြစ်ရာ အမေရိကန်အစိုးရ၏ စွပ်စွဲချက်သည် အမှန်တရားနှင့် လုံးဝဆန့်ကျင်ခြားနားလျက်ရှိကြောင်း ရှင်းလင်းစွာ တွေ့နေရပါသည်။

ထို့ပြင် မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းဝယ်မှုတွင် မြန်မာနိုင်ငံအစိုးရ ပါဝင်ပတ်သက်နေကြောင်း အခြေအမြစ်မဲ့ စွပ်စွဲဖော်ပြထားပါသည်။ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာကို ကိုလိုနီစနစ်၏ အမွေဆိုးအဖြစ် ဆက်ခံခဲ့ရခြင်းသာ ဖြစ်ပါသည်။ မြန်မာအစိုးရသည် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်တိုက်ဖျက်လျက်ရှိပြီး ၂၀၁၄ ခုနှစ်တွင် မူးယစ်ဆေးဝါးကင်းစင်သော နိုင်ငံအဖြစ်သို့ ရောက်ရှိအောင် မူဝါဒများ ချမှတ်ဖော်ဆောင်နေပါသည်။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ရည်မှန်းချက်အတွက် မိမိတို့၏ အမျိုးသားရေးတာဝန်ကို အောင်မြင်အောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ၂၆-၆-၂၀၀၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပသော ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ အကြိမ်(၂၀)မြောက်ဖျက်ဆီးပွဲကို ကြည့်ရုံနှင့် အပြောမဟုတ် အလုပ်နှင့် သက်သေပြနေကြောင်း သိရှိနိုင်ပါ သည်။ အကြိမ်(၂၀)မြောက်အထိ ဖျက်ဆီးပြီးသော မူးယစ်ဆေးဝါးတန်ဖိုးမှာ ၁၄၈၀၉၉၇၁၀၇၇ ဒေါ်လာအထိ ရှိခဲ့ပါသည်။ UNODC၏ ၂၀၀၅ ခုနှစ် နှစ်စဉ်အစီရင်ခံစာတွင် ဘိန်းစိုက်ပျိုးမှုသည် ၂၀၀၁ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်ကြား ၆၀ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း အမေရိကန်နိုင်ငံ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုတိုက်ဖျက်ရေးအဖွဲ့ Counter Narcotics and Crime-CNC ကလည်း မြန်မာနိုင်ငံတွင် ၁၉၉၆ ခုနှစ်ကနှင့် နှိုင်းစာလျှင် ဘိန်းစိုက်ပျိုးမှု ၈၀ ရာခိုင်နှုန်း ကျဆင်းသွားကြောင်း၊ ၂၀၀၄ ခုနှစ်တွင် ဘိန်းထုတ်လုပ်မှု ၈၈ ရာခိုင်နှုန်းကျဆင်းသွားကြောင်း အသီးသီးဖော်ပြထားပါသည်။ ဤသို့ မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်နေမှုကို မျက်ကွယ်ပြုလျက် အခြေအမြစ်မဲ့စွာ ဆက်လက်စွပ်စွဲနေခြင်းသည် အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံအပေါ် နိုင်ငံရေးဖိအားပေးလိုခြင်း သက်သက်သာဖြစ်ကြောင်း ထင်ရှားနေပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏အရေးသည် ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးကို ထိခိုက်စေသဖြင့် လုံခြုံရေးကောင်စီမှ ကိုင်တွယ်ဖြေရှင်းပေးရန် လိုအပ်သည်ဆိုသည့် အမေရိကန်အစိုးရ၏ တောင်းဆိုချက်သည် အဖြစ်မှန်နှင့် လုံးဝကွဲလွဲနေပြီး မြန်မာနိုင်ငံတွင် ပြည်ပသြဇာခံ ရုပ်သေးအစိုးရတစ်ရပ် ပေါ်ပေါက်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်နေခြင်းဖြစ်သည်မှာ ထင်ရှားလှပါသည်။

**အထူးသဖြင့် မြန်မာနိုင်ငံသည် အာဆီယံ၊ ဘင်းမ်စတက်စသော ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်ပူးပေါင်းလှုပ်ရှားနေသည့် အချိန်မျိုးတွင် မြန်မာနိုင်ငံ၏အရေးကိစ္စသည် ဒေသတွင်းလုံခြုံရေးကို ခြိမ်းခြောက်နေသည်ဆိုသည့် ပြောဆိုစွပ်စွဲမှုများမှာ ယုတ္တိကင်းမဲ့နေသည်ကိုတွေ့ရမည်ဖြစ်ပါသည်။ ထိုစွပ်စွဲမှုအားလုံးသည် အမေရိကန်လွှတ်တော်အမတ် အချို့နှင့် ပြည်တွင်းရှိ ပြည်ပသြဇာခံအဖွဲ့များ၊ ပြည်ပရှိ အကြမ်းဖက်အဖွဲ့များက ၎င်းတို့၏နိုင်ငံရေးအာဏာရရှိရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို လှည့်စားအသုံးချနိုင်ရန် ကြိုးပမ်းနေမှုများသာ ဖြစ်ပါသည်။**

တစ်နည်းဆိုရသော် ကြောင်ခံတွင်းပျက်နှင့် ဆက်ရက် တောင်ပံကျိုးတို့၏ မြန်မာနိုင်ငံအားပူးပေါင်းလုပ်ကြံမှုပင်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအရေးသည် လုံခြုံရေးကောင်စီမှကိုင်တွယ် ဖြေရှင်းရမည့် အရေးကိစ္စမဟုတ်ဘဲ ထိုသို့ဖြေရှင်းရန် ကြိုးပမ်းလုပ်ဆောင်မှုများကသာ မြန်မာနိုင်ငံတွင် ရရှိထားပြီးဖြစ်သည့် တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှုတို့ကို ယိုယွင်းပျက်စီးစေပြီး ဒေသတွင်းနှင့် နိုင်ငံတကာ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သည့် အမှန်တကယ် ခြိမ်းခြောက်မှုဖြစ်သည်မှာ ထင်ရှားနေပြီဖြစ်ပါသည်။ ။



**ဖခင်ကြီး ဦးဖိုးအား ရည်စူး၍ ရောဝတီတိုင်း ဟင်္သာတမြို့နယ် ဗိုလ်အောင်ကျော်လမ်းနေ ဒေါ်ကွေက (၇၈) နှစ်ပြည့်မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တ ပညာသီရိလင်္ကာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။**
(က-ပ)

❒ *ကျောဖုံးမှ*

**ဝိုင်းဝန်းကြိုးပမ်း**

လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားကာ ဝက်မွေးမြူရေးခြံနှင့် အစာစပ်စက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် ဒိုက်ဦး မြို့နယ် အေးသုခ အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ကြီးရုံးခန်း၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှရီနှင့် မြို့နယ်ပညာရေးမှူး ဒေါ်ရီရီညွန့် တို့က ကျောင်း၏သင်ကြားစီမံကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် တိုင်းမှူးသည် ကျောင်းစာသင်ခန်းများအတွင်း ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် အေးသုခ(၁၆)ခုတင်ဆံ့ တိုက်နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ဒိုက်ဦး မြို့နယ် အေးသုခစံပြကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ သွားရောက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များ၊ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် စံပြကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ရွာရန်ရာနှုန်း ၈၀**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။**

# မျှော်လင့်ခြင်းများစွာအားကောင်းဆဲ ပြသဆဲဇာတ်ကားများ ဆက်လက်ပြသ

**ရုပ်ရှင် သတင်းထောက်**

**ရန်ကုန် စက်တင်ဘာ ၇**

ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)၏ **မျှော်လင့်ခြင်းများစွာ** ဇာတ်ကားမှာ သမ္မတ၊ သွင်၊ မင်္ဂလာနှင့် နဝဒေးအဆင့်မြင့်ရုံများတွင် ယခုသောကြာပတ်အထိ ဆက်လက်အားကောင်းနေဆဲဖြစ်သည်။

**မျှော်လင့်ခြင်းများစွာ**

**မျှော်လင့်ခြင်းများစွာ** ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်သော အနုပညာရှင်များက စက်တင်ဘာ ၉ ရက်နှင့် ၁၀ ရက် မွန်းလွဲ၂နာရီခွဲအချိန်၌ နဝဒေးရုံတွင် ပရိသတ်များကို အမှတ်တရ လက်မှတ်ရေးထိုးခြင်း၊ လက်ဆောင်များ ပေးအပ်ခြင်းများ ပြုလုပ်မည်ဖြစ်သည်။

**ပြသဆဲဇာတ်ကားများ**

ရှေ့ဆောင်၊ ဝဇီရာ(၂)၊ ရွှေမန်းနှင့် မင်းရန်အောင်ရုံများတွင် ဟာသအက်ရှင် ဇာတ်မြူးကား **လှည့်စား** ဆက်လက်ပြသနေဆဲဖြစ်သည်။ နေပြည်တော်ရုံတွင် The Legend of Zorroဇာတ်ကားမှာ တစ်ကျော့ပြန် ရုံဝင်လာခြင်းဖြစ်သည်။

တန်းမြင့်မြို့မရုံတွင် ဘော်ဘီဒိုးလ်၊ အရှေးကူးမား၊ ကာရီနာကပူးရ်တို့ ခေါင်းဆောင်ပါဝင်ထားသော Dosti အိန္ဒိယဇာတ်ကား ရုံဝင်လာသည်။ ဆုထူးပန်ရုံတွင် ဆာလ်မ်းခန်း၊ အာဂျေးဒေ့န်၊ အက်ရှ်ကဲဝါရာရိုင်းတို့ပါဝင်ထားသော သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်း Hum Dil De Chuke Sanam ဇာတ်ကား ပြသနေသည်။ ရွှေဂုန်ရုံမြေညီထပ်တွင် မင်းသားမိသွန်းချာကရာဗာတီ ခေါင်းဆောင်ပါဝင်ပြီး ဆင်လိမ္မာ၊ မျောက်လိမ္မာ၊ ခွေးလိမ္မာတို့က လူကဲ့သို့ ရန်သူတစ်ယောက်ပြီးတစ်ယောက် လိုက်လံ သွေးကြွေးဆပ်သည့် Jodidar ဇာတ်ကားပြသနေပြီး ရွှေဂုန်ရုံအပေါ်ထပ်တွင် Iron Eagle° IIIအက်ရှင်ဇာတ်ကားပြသလျက်ရှိသည်။





**နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခမှ သီဟတင်စိုး။**

**မြန်မာဗီဒီယိုဇာတ်ကားများ**

ဒါရိုက်တာ ဝင်းထွန်းထွန်းရိုက်ကူးသည့် **တောနသစ္စဝရွှေနှ ဤမှန်သော သစ္စာစကားကြောင့်** မြန်မာအဆင့်မြင့်

**မျှော်လင့်ခြင်းများစွာမှ ဇာတ်ဝင်ခန်းများ။**

ဗီဒီယိုဇာတ်ကားမှာ စံပြ၊ ရွှေဗဟို၊ ဘုရင့် နောင်၊ ရောဝတီရုံနှင့် မြရတနာရုံများတွင် ပြသဆဲဖြစ်သည်။

**နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ**

လာမည့် သောကြာပတ်တွင် ဒါရိုက်တာညီမင်းလွင် ရိုက်ကူးသည့် **နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ** မြန်မာအဆင့်မြင့်ဗီဒီယိုဇာတ်ကား ရုံဝင်လာမည်ဖြစ်သည်။ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခတွင် သီဟတင်စိုး၊ မင်းမော်ကွန်း၊ နေထက်လင်း၊ ခင်လှိုင်၊ ခိုင်သင်းကြည်နှင့်ချစ်စနိုးဦးတို့ ခေါင်းဆောင်ပါဝင်ထားသည်။ ။**(မြန်မာ့အလင်း)**

# ၂၀၀၆– ၂၀၀၇ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ်ဘောလုံးပြိုင်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၇**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆–၂၀၀၇ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေး(မြန်မာလိဂ်) ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ၁၁ရက်မှစတင်၍ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်းနှင့် အောင်ဆန်းအားကစားပြိုင်ကွင်းတို့၌ ညနေ၃နာရီခွဲတွင် ကျင်းပသွားမည် ဖြစ်သည်။

## ပါဝင်ယှဉ်ပြိုင်

၂၀၀၆–၂၀၀၇ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေး(မြန်မာလိဂ်) ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အသင်းများမှာ ဘဏ္ဍာ/အခွန်အသင်း၊ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းအသင်း၊ စီးပွား/ကူးသန်းအသင်း၊ လျှပ်စစ်စွမ်းအားအသင်း၊ပို့ဆောင်ရေးအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ စွမ်းအင်အသင်း၊ လယ်ယာ/ဆည်မြောင်းအသင်း၊ မြန်မာ့မီးရထားအသင်း၊ ပြည်ထဲရေးအသင်း၊ မြို့တော်စည်ပင်အသင်း၊ သစ်တောရေးရာအသင်း၊ ကမ္ဘောဇအသင်းနှင့်ဆောက်လုပ်ရေးအသင်းတို့ ဖြစ်ကြသည်။

ပြိုင်ပွဲပွဲစဉ်များကို စက်တင်ဘာ ၁၁ရက်မှ ဒီဇင်ဘာ ၁၄ရက်အထိ ရေးဆွဲပြီး သက်ဆိုင်ရာအသင်းများသို့ ပေးပို့ထားပြီး ဖြစ်သည်။ စက်တင်ဘာ ၁၁ရက်မှ နိုဝင်ဘာ ၈ရက်အထိ ပွဲစဉ်များကို လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်းနှင့် အောင်ဆန်းအားကစားပြိုင်ကွင်းတို့၌ တစ်လှည့်စီယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။ နိုဝင်ဘာ၉ရက်မှ ဒီဇင်ဘာ၁၄ရက်အထိ ပွဲစဉ်များကို အောင်ဆန်းအားကစားပြိုင်ကွင်း၌သာ ဆက်တိုက်ကျင်းပသွားမည်ဖြစ်သည်။

ပွဲစဉ်ရေးဆွဲထားမှုအရ စက်တင်ဘာ၁၁ ရက်တွင် သုဝဏ္ဏကွင်း၌ ဘဏ္ဍာ/ အခွန်အသင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းအသင်း၊ စက်တင်ဘာ၁၂ရက်တွင် သုဝဏ္ဏကွင်း၌ စီးပွား/ကူးသန်းအသင်းနှင့် လျှပ်စစ်စွမ်းအားအသင်း၊ စက်တင်ဘာ၁၃ရက်တွင် သုဝဏ္ဏကွင်း၌ ပို့ဆောင်ရေးအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ အောင်ဆန်းကွင်း၌ စွမ်းအင်အသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်း၊ စက်တင်ဘာ၁၄ရက်တွင် အောင်ဆန်းကွင်း၌ မြန်မာ့မီးရထားအသင်းနှင့် ပြည်ထဲရေးအသင်း၊ စက်တင်ဘာ၁၅ရက်တွင် အောင်ဆန်းကွင်း၌ မြို့တော်စည်ပင်အသင်းနှင့်သစ်တောရေးရာအသင်း၊ စက်တင်ဘာ၁၆ရက်တွင် အောင်ဆန်းကွင်း၌ ကမ္ဘောဇအသင်းနှင့်ဆောက်လုပ်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရ မည်ဖြစ်သည်။

**သတင်းဆောင်းပါး – ကိုထွေး**

## ပထမတန်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆–၂၀၀၇ ခုနှစ် ဘောလုံးရာသီ ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ၄ရက်မှစတင်၍ စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားလျက်ရှိသည်။ ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင်ကိုးသင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

## ဒုတိယတန်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆–၂၀၀၇ ခုနှစ် ဘောလုံးရာသီ ဒုတိယတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၄ ရက်မှ စတင်၍ ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ ယှဉ်ပြိုင်ကစားလျက်ရှိသည်။ ဒုတိယတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ၁၁သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ပါဝင်ယှဉ်ပြိုင်ကြသည့် အသင်းများမှာ ရန်ကုန်တိုင်းလူငယ်အသင်း၊ အောင်တံခွန်အသင်း၊ လွန်းပျံအသင်း၊ တပ်မတော်ကိုယ်ခံပညာနှင့်အားကစားသိပ္ပံ(ရဲမွန်)အသင်း၊အားကစားဝန်ကြီးဌာနအသင်း၊ ဘောဘီဗိုက်တာအသင်း၊ ပင်မထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်အသင်း၊ Winner အသင်း၊ ပုလဲနက်အသင်း၊ ဓီယွန်အသင်းနှင့် ကြယ်ပွင့်လေးများ(က)အသင်းတို့ဖြစ်သည်။

## တတိယတန်း

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၆–၂၀၀၇ခုနှစ် ဘောလုံးရာသီ တတိယတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၄ရက်မှစတင်၍ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ယှဉ်ပြိုင်ကစားလျက်ရှိသည်။ တတိယတန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် ၁၁သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ပါဝင်ယှဉ်ပြိုင်ကြသည့် အသင်းများမှာ မျိုးချစ်လူငယ်အသင်း၊ အား/ကာ သိပ္ပံအသင်း၊ New Generation အသင်း၊ရဲတံခွန်အသင်း၊လမ်းမတော်လူငယ်အသင်း၊ အော်စကာအသင်း၊ ရွှေကြိုးကြာအသင်း၊ အလုံလူငယ်အသင်း၊ကြယ်ပွင့်လေးများ(ခ)အသင်း၊ MEC အသင်းနှင့်ငွေကြယ်ပွင့်လေးများအသင်းတို့ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

---

# မန်ယူ၊ ချယ်လ်ဆီး၊ လီဗာပူးနှင့် အာဆင်နယ်တို့ ခက်ခက်ခဲခဲဖြတ်ကျော်ရမည့် ပရီမီယာလိဂ်ပွဲစဉ်(၄)မြင်ကွင်း

**သုံးသပ်တင်ပြသူ – မောင်ချစ်ကြည်**

**အရှိန်ရစပြုနေပြီဖြစ်သော ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ၏ပွဲစဉ်(၄)ကို စက်တင်ဘာ၉ရက်နှင့်၁၀ရက်များတွင် ဆက်လက်ကျင်းပမည်ဖြစ်ရာ ချယ်လ်ဆီး၊ မန်ယူ၊ အာဆင်နယ်နှင့်လီဗာပူးစသည့် နာမည်ကြီးအသင်းများ စက်တင်ဘာ၉ရက်၌ ကစားရမည်ဖြစ်ပြီး စက်တင်ဘာ၁၀ရက်၌ ဝက်စ်ဟမ်းနှင့် အက်စတွန်ဗီလာ၊ ရီဒင်းနှင့်မန်စီးတီးတို့ ကစားကြမည်ဖြစ်သည်။**

## မန်ယူနှင့်တော့တင်ဟမ်ဟော့စပါး

ယခုနှစ်ပရီမီယာလိဂ်၌ ခြေစွာနေသော မန်ယူတို့ သုံးပွဲကစား၊သုံးပွဲလုံးအနိုင်ရထားပြီး တာအထွက်၌ပင် တန်းစီဇယားထိပ်ဆုံးနေရာကို သိမ်းပိုက်ထားနိုင်လေသည်။ မန်ယူကြယ်ပွင့်များဖြစ်သည့် စီရော်နယ်ဒို၊ ဖလက်ချာနှင့် ဆာဟာတို့လည်း ခြေစွမ်းပြဂိုးများသွင်းယူနေသလို ဆိုးလ်ရှားနှင့် ရိုင်ယန်ဂစ်တို့ကလည်း ဂိုးသွင်းစွမ်းရည် ထက်မြက်နေဆဲဖြစ်သည်ကို သုံးပွဲကစား ၁၀ဂိုး သွင်းထားသည့် ရလဒ်က သက်သေပြသနေသည်။

ရွှန်နေနှင့် ပေါလ်စခိုးတို့ ပွဲပယ်ခံထားရ၍ မပါဝင်နိုင်သော်လည်း စွမ်းရည်ပြည့်ဝနေသည့် လူငယ်များကို အားပြုဖွဲ့စည်းထားသော မန်ယူအသင်းသည် လက်ရှိ၌ ခြေစွမ်းအထက်မြက်ဆုံးကာလ ရောက်စပြုနေပြီဖြစ်ရာ အိမ်ကွင်းလည်းဖြစ်နေသဖြင့် စပါးတို့ မလွယ်ချေ။

သို့သော် ပြီးခဲ့သည့်ပရီမီယာလိဂ်တွင် မန်ယူကွင်း၌ စပါးတို့တစ်ဂိုးစီ သရေဖြစ်အောင် ကြိုးစားပမ်းစားကစားခဲ့သည်ကိုလည်း မမေ့အပ်ရာ၊ စပါးတို့က အဝေးကွင်း၌ ရလဒ်ကောင်းအောင် ကစားမည်သာ ဖြစ်သည်။ စပါးတွင် လီဗာကူးဆင်မှ ပြောင်းလာသော ဘာဘာတော့ဖ်က ဂိုးသွင်းစွမ်းရည် မြင့်မားသော်လည်း အဝေးကွင်းနှစ်ပွဲစလုံးတွင် သွင်းဂိုးတစ်ဂိုးမျှ မရှိဘဲ စပါးတို့ ရှုံးထားမှုကလည်း ရှိနေပြန်သည်။ စပါးတို့၏ အားသာချက်မှာ အဝေးကွင်း၌ပင် အသင်းကြီးများကို ခံကစားတတ်သည်ဖြစ်ရာ မန်ယူတို့ အောင်ပွဲအရှိန်မတန့်ရန် အစွမ်းကုန်ကြိုးစားမှသာ နိုင်ပွဲရမည့် အနေအထားရှိသည်။



မန်ယူတိုက်စစ်မှူး လူးဝစ်ဆာဟာ။

## ချယ်လ်ဆီးနှင့်ချာလ်တန်

ပရီမီယာလိဂ်သရဖူကိုကာကွယ်ရန် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားများဖြစ်သည့် ရှက်ရှိချင်ကို၊ ဘောလက်၊ ကာလူးစသည့် ဘောလုံးသမားများဖြင့် အားဖြည့်ပွဲထွက်လာသော ချယ်လ်ဆီးသည် မစ်ဒယ်ဘရော့ကို ရှုံးသည့်အပြင် အနိုင်ရထားသည့်နှစ်ပွဲတွင်လည်း အမြင့်ဆုံး ခြေစွမ်းမပြနိုင်ရာ ချန်ပီယံအဖြစ် ဆက်လက်ရပ်တည်ရန် လက်ရှိခြေစွမ်းဖြင့် မလွယ်သေးချေ။

ရှက်ရှိချင်ကို၊ ဘောလက်နှင့် ကာလူးတို့ကလည်း လမ်းပတ်၊ ဒရော့ဘာနှင့်အက်စီရန်တို့နှင့် အံဝင်ခွင်ကျမှု မရှိသေးသဖြင့် ချယ်လ်ဆီးတို့ ထင်တိုင်းမပေါက်သည့် အဖြစ်နှင့် ကြုံတွေ့နေရသည်။ ချယ်လ်ဆီး၌ ကစားအားရှိသော ဂါးလက်စ် အာဆင်နယ်သို့ ရောက်သွားသော်လည်း အက်ရှလေကိုးအား ချယ်လ်ဆီးသို့ ခေါ်ယူနိုင်ခဲ့မှုက နောက်တန်းခံစစ်ကို ခိုင်မာစေခဲ့သည်။ ချယ်လ်ဆီးတို့၌ အချိန်တိုအတွင်း ပွဲရလဒ်ပြောင်းလဲနိုင်သည့် ကစားသမားများရှိနေရာ အိမ်ကွင်း၌ ချာလ်တန်ကို အနိုင်ကစားမည်သာဖြစ်သည်။

သို့သော် ပြီးခဲ့သည့်နှစ် ပရီမီယာလိဂ်ပွဲစဉ်၌ ချယ်လ်ဆီးတို့ အိမ်ကွင်း၌ပင် ချာလ်တန်နှင့် တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ရာ ဖိဖိစီးစီးမကစားပါက ချာလ်တန်နှင့်သရေပွဲဖြစ်သွားနိုင်သည်။ ချာလ်တန်တို့ကလည်း အဝေးကွင်း၌ ခြေမပေါ်တတ်သည်ဖြစ်ရာ အမြင့်ဆုံးမှန်းနိုင်သည်မှာ သရေပင် ဖြစ်သည်။



ချယ်လ်ဆီးကွင်းလယ်ကစားသမား လမ်းပတ်။

## အဲဗာတန်နှင့် လီဗာပူး

လီဗာပူးတိုက်စစ်မှူး ခရော့ချ်က ဂိုးများဆက်တိုက်သွင်းယူနေသဖြင့် လီဗာပူး၏ဂိုးရရှိရေးသည် ခရော့ချ်အပေါ်တည်နေသည်။ ဘလက်ဘန်းမှ ယခုနှစ်လီဗာပူးသို့ ပြောင်းလာသည့် ဘယ်လာမီကလည်း အသုံးတည့်နေသည်။ လီဗာပူး၏ ခြေစွမ်းသည် သိသာထူးခြားစွာ မတိုးတက်လာသော်လည်း ခပ်မှန်မှန်ရှိသဖြင့် အဝေးကွင်းဖြစ်သော်လည်း အဲဗာတန်ကို အနိုင်ရဖွယ်ရှိသည်။

သို့သော် အဲဗာတန်၏ ယခုနှစ် ခြေစွမ်းကားကောင်းနေသည်။ ခရစ္စတယ်လ်ပဲလေ့မှ ပေါင် ၈ ဒသမ ၆သန်းဖြင့် ပြောင်းလာသည့် အန်ဒီဂျွန်ဆင်က ပွဲတိုင်းဂိုးသွင်းနေသည်။ လီဗာပူးတို့က ပြီးခဲ့သည့်နှစ်က သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ယူထားသော ရလဒ်ရှိသော်လည်း ယခုနှစ်၌ အဲဗာတန်ကိုလွယ်လွယ်ကူကူ ဖြတ်ကျော်နိုင်မည်မဟုတ်ချေ။ အားသွန်ကြိုးစားမှသာ လီဗာပူးတို့ နိုင်မည်ဖြစ်သည်။

## အာဆင်နယ်နှင့် မစ်ဒယ်ဘရော့

နှစ်ပွဲကစား၊ တစ်ပွဲမျှနိုင်ပွဲမရသေးသော အာဆင်နယ်နှင့် ပရီမီယာလိဂ်ထိပ်သီး ချယ်လ်ဆီးကို အနိုင်ကစားခဲ့သည့် မစ်ဒယ်ဘရော့တို့ ထိပ်တိုက်တွေ့ပြီဖြစ်သည်။ အာဆင်နယ်၏ခြေစွမ်းသည် အားရဖွယ်မရှိရာ လက်ရှိအတိုင်း ကစားပါက မစ်ဒယ်ဘရော့ကို အိမ်ကွင်း၌ပင် ရှုံးသွားနိုင်သည်။

## အာစင်ဝင်းဂါး

မှန်းဆရခက်သော မစ်ဒယ်ဘရော့ခြေစွမ်းကို အာဆင်နယ်တို့ မည်သို့ရင်ဆိုင်မည်ကို ကြည့်ရမည် ဖြစ်သည်။ ပြီးခဲ့သည့်နှစ်က အာဆင်နယ်တို့ အိမ်ကွင်း၌ ခုနစ်ဂိုး ပြတ်သွင်းပြီး သင်ခန်းစာပေးခဲ့သည်ကို မစ်ဒယ်ဘရော့တို့ ပြန်လည် ချေပတော့မည်ဖြစ်သည်။ အာဆင်နယ်ကလည်း နောက်တန်း၌ အက်ရှ်လေကိုး မရှိတော့သည့်အတွက် ခံစစ်မခိုင်မာတော့သလို မစ်ဒယ်ဘရော့ကလည်း ခြေပေါ်လိုက် မပေါ်လိုက်နှင့် ဖြစ်နေရာ အာစင်ဝင်းဂါး၏ ဉာဏ်စွမ်းကြောင့်သာ အာဆင်နယ်တို့ အလေးသာဖွယ် ရှိသည်။

## နယူးကာဆယ်နှင့်ဖူလ်ဟမ်

အိမ်ကွင်း၌ နယူးကာဆယ်တို့ ဖူလ်ဟမ်ကို အနိုင်ကစားမည်ဖြစ်သည်။ နယူးကာဆယ်တွင် အလန်ရှီးယား အနားယူသွားပြီး မိုက်ကယ်အိုဝင်လည်း ဒဏ်ရာရလျက်ရှိရာ တိုက်စစ်ပိုင်းအားပျော့နေသည်။ သို့ရာတွင် ပါကာနှင့် အမိုဘီတို့က ဂိုးသွင်းနိုင်ကြ၍ နိုင်ပွဲရလျက်ရှိရာ ဖူလ်ဟမ်ကို နိုင်ပွဲရအောင်ကစားမည်ဖြစ်သော်လည်း ခြေတက်နေသော ဖူလ်ဟမ်ကြောင့် တစ်မှတ်စီခွဲယူရဖွယ်လည်းရှိသည်။

## ဘော်လ်တန်နှင့်ဝက်ဖို့ဒ်

မာဆေးမှ အဗ္ဗဒူလာရီမေတီ၊ မန်ယူမှ ဖော်ကျွန်း၊ လီဗာပူးမှ ဟမ်းမန်းတို့ကို အားဖြည့်ခေါ်ယူထား သဖြင့် ဘော်လ်တန်သည် တောင့်တင်းသော အသင်းဖြစ်လာသည်။ တန်းတက် ဝက်ဖို့ဒ်မှာ ဘော်လ်တန်ကိုအနိုင်ရရန် လက်ရှိအနေအထားဖြင့် မလွယ်ချေ။ ဘော်လ်တန်တို့နိုင်ရန် ရာခိုင်နှုန်းများသည်။

## ပို့စ်မောက်နှင့် ဝီဂန်

ဝီဂန်တို့က ပြီးခဲ့သည့်နှစ် ပရီမီယာလိဂ်၌ ပို့စ်မောက်ကို နှစ်ဂိုးပြတ်သွင်းပြီး အနိုင်ကစားထားသော်လည်း ပို့စ်မောက်သည် ယခုနှစ်၌ ချယ်လ်ဆီးမှ ဂလန်းဂျွန်ဆင်၊ အာဆင်နယ်မှ ဆိုးလ်ကင်းဘဲလ်တို့ကြောင့် တောင့်တင်းသွားသည်။ ပို့စ်မောက်သုံးမှတ်ရမည့် ပွဲဖြစ်သည်။

## ရှဖီးနှင့် ဘလက်ဘန်း

သုံးပွဲကစားပြီး နိုင်ပွဲလုံးဝမရှိသေးသည့် အသင်းများဖြစ်သည်။ ဘလက်ဘန်းတို့ ခြေစွမ်းမှာ လူသစ်တန်းရှဖီးကို အနိုင်ရနိုင်စွမ်း ရှိသော်လည်း ဘလက်ဘန်း၌ အောင်မြင်လိုစိတ် ပြင်းပြသည့် စိတ်ဓာတ်နည်းပါး၍သာ ခက်ခက်ခဲခဲကစားရဖွယ်ရှိနေသည်။ ဘလက်ဘန်းတို့ အနိုင်ရမည့်ပွဲပင် ဖြစ်သည်။

## ဝက်စ်ဟမ်းနှင့် အက်စတွန်ဗီလာ

ခြေမှန်နေသော အက်စ်တွန်ဗီလာတို့က ဝက်စ်ဟမ်းကွင်း၌ ကစားရမည်ဖြစ်သော်လည်း ဖိဖိစီးစီးကစားရမည်ဖြစ်သည်။ အက်စတွန်ဗီလာ အသင်းနည်းပြ အိုနေးလ်၏ အစွမ်းကြောင့် ရလဒ်ကောင်းနိုင်သော်လည်း ဝက်စ်ဟမ်းတွင် မန်ယူမှပြောင်းလာသော စပက်တာ၊ ချယ်လ်ဆီးမှ ပြောင်းလာသည့် ကာတန်ကို၊ နယူးကာဆယ်မှ ရောက်လာသူ လီဗောင်နာတို့ကြောင့် ဝက်စ်ဟမ်းတို့နိုင်ပွဲရမည့် အနေအထားရှိသည်။

## ရီဒင်းနှင့် မန်စီးတီး

အဝေးကွင်းဖြစ်သော်လည်း မန်စီးတီးတို့ ရီဒင်းကို အနိုင်ကစားမည်ဖြစ်သည်။ အသင်းကြီးများပင် အလေးထား ကစားရသော မန်စီးတီးကို ပရီမီယာလိဂ်မျက်နှာသစ် ရီဒင်းတို့ အနိုင်ယူရန် မလွယ်ချေ။ မန်စီးတီး၌ အီတလီတိုက်စစ်မှူး ဘာနာဒိုကော်ရာဒီ၊ ဒစ်ကော့နှင့် လီဗာပူးမှရောက်လာသည့် ဟမ်းမန်းတို့ကလည်း မန်စီးတီးကို အရောင်တင်ပေးကြမည်ဖြစ်ရာ မန်စီးတီးနိုင်ပွဲပင် ဖြစ်ပေသည်။ ။

**(မြန်မာ့အလင်း)**

# ကမ္ဘာတစ်လွှား အားကစား

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ



အင်္ဂလန်အတွက် ဂိုးသွင်းပေးသူ ပီတာခရောက်ချ်။

## အင်္ဂလန်က မက်ဆီဒိုးနီးယားကို ခရောက်ချ် သွင်းဂိုးဖြင့်အနိုင်ယူ

လန်ဒန် စက်တင်ဘာ ၇

ယူရို ၂၀၀၈ ခြေစစ်ပွဲအဖြစ် မက်ဆီဒိုးနီးယားနှင့် အင်္ဂလန်အသင်းတို့ စက်တင်ဘာ ၆ ရက်ကယှဉ်ပြိုင်ကစားရာ အင်္ဂလန်အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မက်ဆီဒိုးနီးယားနိုင်ငံ စကော့ဂျီမြို့၌ ယှဉ်ပြိုင်ကစားသည့်ပွဲ၌ အင်္ဂလန်တို့အနိုင်ရရှိရေး ခက်ခဲစွာကြိုးစားခဲ့ရသည်။ အင်္ဂလန်အသင်းအတွက်ဖီးလစ်နဗီးလ်၊ ပီတာခရောက်ချ်နှင့် ဒီဖိုးတို့က အပိုင်ဂိုးသွင်းခွင့် ရရှိခဲ့သော်လည်း အပေါ်ထွက် ဘေးထောင်ဖြစ်ခဲ့သဖြင့် ဂိုးမရခဲ့ချေ။

### ၁၁ ဂိုးမြောက်

ပွဲချိန် ၄၆ မိနစ် ရောက်မှသာ တိုက်စစ်မှူး ပီတာခရောက်ချ်ကဂိုးသွင်းယူခဲ့သဖြင့် ယင်းဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပီတာခရောက်ချ်သည် အင်္ဂလန်အသင်းအတွက် သူ၏နိုင်ငံတကာပွဲပေါင်း ၁၄ ပွဲတွင် ၁၁ ဂိုးမြောက် သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

### ပါဝင်ကစားသွားခဲ့ကြ

အင်္ဂလန်အသင်းတွင် ရော်ဘင်ဆင်၊ နဗီးလ်၊ တယ်ရီ၊ ဖာဒီနန်၊ ဂျိုကိုးလ်၊ ဂျရတ်၊ ဟားဂရေ့ဗ်၊ လမ်းပတ်၊ ဒေါင်းနင်း၊ ခရောက်ချ်၊ ဒီဖိုး(လီနွန်) စသည်တို့ ပါဝင်ကစားခဲ့ကြသည်။ **(အင်တာနက်)**

## ယူရို ခြေစစ်ပွဲ ပြင်သစ်က အီတလီကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရ

ပါရီ စက်တင်ဘာ ၇

ယူရို ၂၀၀၈ ခြေစစ်ပွဲများကို ကျင်းပလျက်ရှိရာ အုပ်စု(ခ)မှ ပြင်သစ်နှင့် အီတလီတို့ စက်တင်ဘာ ၆ ရက်က ယှဉ်ပြိုင်ကစားရာ ပြင်သစ်က အီတလီကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသဖြင့် ၂၀၀၆ ကမ္ဘာ့ဖလားပွဲ၌ ရှုံးကြွေးကို ပြန်လည်ဆပ်နိုင်ခဲ့ပြီဖြစ်သည်။



ပြင်သစ်က အီတလီကိုအနိုင်ရရှိခဲ့သဖြင့် ဗီအယ်ရာနှင့် အွန်နရီတို့ အောင်ပွဲခံနေစဉ်။

### ထပ်မံသွင်းယူ

ပြင်သစ်အသင်းအတွက် ပထမဂိုးကို ပွဲစချိန် နှစ်မိနစ်မှာပင် ရီဗောက သွင်းယူပေးခဲ့ပြီး ဒုတိယဂိုးကို ပွဲချိန် ၁၈ မိနစ်၌ အွန်နရီက သွင်းယူပေးကာ တတိယဂိုးကို ပွဲချိန် ၅၅ မိနစ်၌ ရီဗောကပင် ထပ်မံသွင်းယူပေးခဲ့သည်။

အီတလီအသင်းအတွက် ချေပဂိုးကို ပထမပိုင်း မိနစ် ၂၀တွင် ဂီလာဒီနိုကသွင်းယူပေးခဲ့၍သာ ချေပဂိုး တစ်ဂိုး ရရှိပြီး သုံးဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ပြင်သစ်အသင်းတွင် ကောပက်၊ ဂါးလက်စ်၊ သူရမ်၊ ဆက်နော၊အာဘီဒယ်၊ရီဘီရီ(ဆာဟာ)၊ဗီအယ်ရာ၊မာခီလီလီ၊ မာလောဒါ၊ ရီဗော(ဝီလ်တော့)၊ အွန်နရီစသည်တို့ ပါဝင်ကစားသွားသည်။

အီတလီအသင်းတွင် ဘက်ဖွန်း၊ ဇမ်ဘရော့တာ၊ ကင်နာဗာရို၊ ဘာဇာလီ၊ ဒရိုဆို၊ ဆမ်မြူလီ(မီချီလီ)၊ ပီရာလို၊ ဂတ်တူဆို၊ ပါရော့တာ၊ ကတ်ဆာနို (အင်ဇာဂီ)၊ ဂီလာဒီနို (ဒီရိုစီ) စသည်တို့ ပါဝင်ကစားသွားသည်။ **(အင်တာနက်)**

## ဂျာမနီက ဆန်မာရီနိုအသင်းကို ၁၃ ဂိုးပြတ် ဂိုးသွင်းစံချိန်တင်

ဘာလင် စက်တင်ဘာ ၇

ယူရို ၂၀၀၈ခြေစစ်ပွဲအုပ်စု(ဃ)မှ ဆန်မာရီနိုနှင့် ဂျာမနီအသင်းတို့ စက်တင်ဘာ ၆ရက်က ယှဉ်ပြိုင်ကစားရာ ဂျာမနီတို့က ၁၃ဂိုးသွင်းကာ နိုင်ငံတကာပွဲဂိုးသွင်းစံချိန် တင်နိုင်ခဲ့သည်။

### ဂိုးပြတ်အနိုင်ရ

ဂျာမနီအသင်းသည် ဆန်မာရီနိုအသင်းကို တစ်ဖက်သတ် စိတ်ကြိုက်ကစားခဲ့ရာ ဂျာမနီတိုက်စစ်မှူး ပိုဒေါ



ဂျာမနီတိုက်စစ်မှူး ပိုဒေါစကီး။

စကီးက ပွဲချိန် ၁၁မိနစ်၊ ၄၃မိနစ်၊ ၆၄မိနစ်တို့တွင် တစ်ဦးတည်း သုံးဂိုးသွင်းယူခဲ့ပြီး စတောဂါကပွဲချိန် ၂၈မိနစ်နှင့် ၄၇မိနစ်၊ ကလိုဆေးကပွဲချိန် ၂၉မိနစ်နှင့်၄၅ မိနစ်၊ မိုက်ကယ်ဘောလက်က ပွဲချိန် ၃၅မိနစ်၊ စပါဂါက ၆၆မိနစ်နှင့် ၇၂မိနစ်၊ဖရစ်ဒရစ်က ၈၇မိနစ်၊အက်ချင်ဒါက မိနစ် ၉၀ တို့တွင် အသီးသီး ဂိုးသွင်းယူခဲ့ကြသဖြင့် ၁၃ဂိုးပြတ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

### အများဆုံး

ဂျာမနီအသင်းသည် ၁၉၈၃ ခုနှစ်က မော်လ်တာအသင်းကို ၁၂ဂိုး–တစ်ဂိုးဖြင့် အနိုင်ယူဂိုးသွင်းခဲ့ပြီးနောက် ပိုင်း ယခုသွင်းဂိုးသည် အများဆုံးပင်ဖြစ်သည်။

### ရပ်တည်လျက်ရှိ

ယခုပွဲအနိုင်ရရှိသဖြင့် ယူရို ၂၀၀၈ခြေစစ်ပွဲအုပ်စု(ဃ)တွင် ဂျာမနီတို့ ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။ **(အင်တာနက်)**

## မန်စီးတီးက အင်ဒီကိုးလ်အား ရောင်းချခဲ့လျှင် ဘောလုံးလောကမှ အနားယူမည် မဟုတ်ဟုဆို

ရေးသားတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် စက်တင်ဘာ ၇

မန်စီးတီးတိုက်စစ်မှူး အင်ဒီကိုးလ်အား အသင်းမှ ရောင်းထုတ်ခဲ့လျှင် ဘောလုံးကစားခြင်းမှ အနားယူလိမ့်မည်ဟု မန်စီးတီးမန်နေဂျာ စတုအတ်ပီယာဆေးက ပြောကြားလိုက်ခြင်းကို အင်ဒီကိုးလ်၏ ကိုယ်စားလှယ်များက ငြင်းဆိုလိုက်သည်။

### ဒဏ်ရာရထား

အင်ဒီကိုးလ်သည် ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလကတည်းက ဒဏ်ရာရထားသဖြင့် မန်စီးတီးအသင်း၌ ပါဝင်ကစားနိုင်ခြင်းမရှိပေ။

### ဆက်သွယ်ထား

အင်္ဂလန်တိုက်စစ်မှူး ဟောင်း ကိုးလ်သည် ဩဂုတ်လက ပြောင်းရွှေ့ကြေး ပေါင်ငါးသိန်းဖြင့် ပို့စ်မောက်သို့ လာရောက်ဆက်သွယ်ထားသည်။

ကိုးလ်သည် မန်စီးတီးအသင်းနှင့် စာချုပ်ကုန်ဆုံးတော့မည်ဖြစ်ရာ ပို့စ်မောက်မှ ခေါ်ယူရန် စိတ်ဝင်စားနေပြီး နှစ်နှစ်စာချုပ်ဖြင့် ကမ်းလှမ်းထားသည်။ **(အင်တာနက်)**



မန်စီးတီးတိုက်စစ်မှူး အင်ဒီကိုးလ်။

## ရှက်ဖီးအသင်းမန်နေဂျာ ကစားသမားအသစ်များရှာဖွေနေဆဲ

လန်ဒန် စက်တင်ဘာ ၇

ပရီမီယားလိဂ်တန်းတက် အသင်း တစ်သင်းဖြစ်သော ရှက်ဖီးယူနိုက်တက်အသင်းသည် ကစားသမားများခေါ်ယူရေးကာလ ကုန်ဆုံးရန်နီးလာသော်လည်း ကစားသမားအသစ်များ ရှာဖွေနေဆဲဖြစ်သည်။

ရှက်ဖီးယူနိုက်တက်အသင်း မန်နေဂျာနေးလ် ဝါနော့ခ်သည် ယခုနှစ် ရာသီတွင် ကစားသမားတစ်ဦး ကိုသာလျှင် ခေါ်ယူနိုင်ခဲ့ပြီး ကျန်ကစားသမားများအား ခေါ်ယူရန် မျှော်လင့်ထားသည်။

### စိတ်ဝင်စား

မန်နေဂျာဝါနော့ခ်သည် ပြီးခဲ့သည့်နှစ်ဘော်လ်တန်နှင့်စာချုပ်ကုန်ဆုံးခဲ့သော ဖာဒီဂါကို ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိသည်။

### အခွင့်အလမ်းနည်း

အဆိုပါမန်နေဂျာသည် ပရီမီယာလိဂ်ကလပ်အသင်းများမှ စာချုပ်သက်တမ်းကုန် ကစားသမားများကို လိုက်လံရှာဖွေလျက်ရှိသည်။ ပရီစတွန်မှ ခေါ်ယူလိုက်သော နောက်တန်းလူ ကလောဒီဒေးဗစ်မှာလည်း ဒူးဒဏ်ရာရထားသဖြင့် ဘလက်ဘန်းနှင့် ယှဉ်ပြိုင်ကစားမည့် စက်တင်ဘာ ၉ရက်ပွဲစဉ်တွင် ပါဝင်ကစားရန် အခွင့်အလမ်းနည်းနေသည်။ **(အင်တာနက်)**



ရှက်ဖီးအသင်း မန်နေဂျာ ဝါနော့ခ်။

## ဝေလအသင်းခေါင်းဆောင် ရိုင်ယန်ဂစ်အား ဘရာဇီးနည်းပြ ဒွန်ဂါ ထုတ်ဖော် ချီးကျူး

လန်ဒန် စက်တင်ဘာ ၇

ဝေလတောင်ပံ ကစားသမား ရိုင်ယန်ဂစ်(မန်ယူ)အား ဘရာဇီး ဘောလုံးသမား ရှပ်အင်္ကျီ ဝတ်ဆင်သင့်ကြောင်း ဘရာဇီးနည်းပြ ဒွန်ဂါက အလွန် အမင်း ချီးကျူးစကား ပြောကြားလိုက်သည်။

### အကောင်းဆုံး

ဝေလအသင်း နှင့် ဘရာဇီး အသင်းတို့သည် စက်တင်ဘာ ၅ ရက်က ချစ်ကြည်ရေးပွဲအဖြစ်ယှဉ်ပြိုင်ကစားခဲ့စဉ် ရိုင်ယန်ဂစ်သည် အကောင်းဆုံး ကစားပြနိုင်ခဲ့သည်။ သို့သော်လည်း ဝေလအသင်း ဘရာဇီးအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။



ဘရာဇီးနှင့် ဝေလအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရိုင်ယန်ဂစ်က ဤသို့ အလွတ်တည်ကန်ဘော ကန်သွင်းခဲ့သည်။

ကမ္ဘာပေါ်ရှိ မည်သည့် မန်နေဂျာမဆို ရိုင်ယန်ဂစ်ကို သဘောကျလိမ့်မည်ဖြစ်ကြောင်း၊ ယင်းအထဲတွင် မိမိလည်း ပါဝင်ကြောင်း ဒွန်ဂါက ပြောကြားသည်။

### ပြောကြား

မိမိတို့ ဘရာဇီးအသင်းတွင် ကစားသမားကောင်းများရှိနေ၍ ရိုင်ယန်ဂစ်သည် ဘရာဇီးကစားသမားဖြစ်ခဲ့လျှင် မိမိအတွက် ကစားသမားရွေးချယ်ရာ၌ အလွန်အခက်ကြုံတွေ့နိုင်ကြောင်း ဒွန်ဂါကပြောကြားသည်။

### ပြသ

ဂစ်သည်ထိုနေ့ပြိုင်ပွဲတွင် အကောင်းဆုံး ကစားကွက်တစ်ကွက်ကို ထုတ်ဖော်ပြသလိုက်သည်။ ယင်းကစားကွက်မှာ ရော့အန်းရှောအား နောက်ပေါက်၍ ဘရာဇီးဂိုးပေါက်ရှေ့သို့ ထုတ်ပေးလိုက်သည်။ သို့သော်လည်း ဂိုးမရဘဲ ဖြစ်ခဲ့ရသည်။ **(အင်တာနက်)**

# အမိန့်တော်ပြန်ခြင်း တော်သလင်း

**ခိုင်ရွှေဝါ**

"သစ်ဖောင်တွေဆင်း တော်သလင်း" "လှေပြိုင်ပွဲကျင်း တော်သလင်း" "အမိန့်တော်ပြန်ခြင်း တော်သလင်း" "ရွှေရင်းမာကြိုင်သင်း တော်သလင်း" အမျိုးမျိုးအထွေထွေ ရှေးခေတ်စာဆိုတော်ကြီးတွေက သတ်မှတ်ခဲ့ပါသည်။ လူသိနည်းသော "အမိန့်တော်ပြန်ခြင်း တော်သလင်း" သရုပ်ဖော်ဆောင်းပါးကို တင်ဆက်လိုက်ရပါသည်။

ကုန်းဘောင်ခေတ် ဘိုးတော်(ဗဒုံ)မင်းတရားလက်ထက်တွင် ဂရုဓမ္မ အမိန့်တော်ပြန်တမ်းတစ်စောင်ကို ထုတ်ပြန်ကာ ၁၁၄၆ခုနှစ် ဝါဆိုလဆန်း ၅ ရက်နေ့တွင် မြို့တွင်းမြို့ပြင် လှည့်ပတ်၍ ဖတ်ကြစေပါသည်။ အဆိုပါအမိန့်တော်ကို ၁၁၄၆ ခုနှစ် ဝါဆိုလဆန်း ၁ ရက်နေ့တွင် နာခံဖေယျနော်ရထာက ပြန်ဆိုခဲ့ပါသည်။ အမိန့်တော်တွင်–

"ပြည်သူတကာ သတ္တဝါအပေါင်းတို့ သူ့အသက် သတ်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ သူ့အိမ်ရာကို ပြစ်မှားခြင်း၊ မဟုတ်မမှန်သော စကားကိုဆိုခြင်း၊ သေရည်သေရက်ကိုသောက်ခြင်း၊ လူ့ကျင့်ဝတ်တရားငါးပါးကို မကြဉ်ရှောင်ဘဲ ပြုကုန်သောသူတို့သည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်အပါယ်လေးဘုံ၌ တလူးလူး တပေပေ နစ်မွန်းကုန်ရသည်"

ဟု အစချီထားပြီး ထိုတရားဆိုးများကို ရှောင်ကြဉ်၍ ငါးပါးသီလများကို ဆောက်တည်ကြရန် တိုက်တွန်းနှိုးဆော်ထားသည်။

**ရွှေရင်းမာ ရှွင်မြူးလို့ သင်ဖြူးသို့ မြစ်တွင်းမှာ**
**လှေပွဲသံ တညံညံနှင့် အာကာယံ နေရဝိရယ်နှင့်**
**မေတမိ နက္ခတ်ပန်းငယ်တို့ လှမ်းကြွတူခံ**
**ရာသီငယ်ကန် အလျှံထိန်ပ။**
**ရွှေလစန္ဒာနှင့် ဘဒြာကောင်းကင်နန်းဆီက မြန်းသည့်ကာလ။**

တော်သလင်းလ၌ လေငြိမ်သက်၍ မြစ်တွင်းမှာ သာယာသောကြောင့် ရှေးမြန်မာဘုရင်များ လက်ထက်မှစ၍ လှေပြိုင်ပွဲကျင်းပလေ့ရှိခဲ့ပါသည်။ မြန်မာနိုင်ငံ အချို့မြစ်ကမ်းနဖူးရှိ မြို့များရွာများ၌လည်း လှေပြိုင်ပွဲကျင်းပမြဲ ထုံးတမ်းစဉ်လာရှိပါသည်။ ရာသီအားဖြင့် "ကန်" ရာသီဖြစ်၍ ပုဗ္ဗာဘဒြပိုဒ်နက္ခတ်နှင့် စန်းယှဉ်ပါသည်။ ရွှေရင်းမာပန်းရနံ့ကလည်း တော်သလင်းလတွင် သင်းပျံ့မွှေးကြိုင်လျက် ရှိနေမြဲဖြစ်ပါသည်။

ဤသည့်တော်သလင်းလပြည့်နေ့ကိုလည်း **"ဂရုဓမ္မအခါတော်နေ့"** ဟူ၍လည်း သတ်မှတ်၍ အခါတော်နေ့ပွဲကျင်းပလေ့ရှိသည်။ "ဂရုဓမ္မ" ဟူသည် အလေးအမြတ်ပြုရမည့်တရား၊ အလေးအမြတ်ပြုရမည့် အကျင့်ဟု ဆိုပါသည်။ ဂရုဓမ္မအခါတော်နေ့ သတ်မှတ်ခြင်းအကြောင်းကိုလည်း ဖော်ပြလိုက်ပါသည်။

ကုရုတိုင်းသားများ ကျင့်သုံးသော သီလဖြစ်သောကြောင့် ကုရုဓမ္မခေါ်သည်။ ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်ပြည်၌ ဓနဉ္စယကောရဗျမင်းကြီး မင်းပြုသောအခါ ဘုရားအလောင်းတော်သည် ဓနဉ္စယကောရဗျမင်းကြီး၏ မိဖုရားကြီးဝမ်းကြာတိုက်၌ ပဋိသန္ဓေနေကာ ဖွားမြင်လာခဲ့သည်။ အရွယ်ရောက်သောအခါ တက္ကသိုလ်ပြည်သို့သွား၍ ပညာသင်ယူပြီး ပြန်ရောက်သောအခါ အိမ်ရှေ့မင်းဖြစ်လာသည်။ ခမည်းတော်ကြီးကွယ်လွန်၍ မင်းအဖြစ်သို့ရောက်သောအခါ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်၍ ပြည်သူပြည်သားတို့အား ဂရုဓမ္မခေါ် ငါးပါးသီလကို ကျင့်သုံးဆောက်တည်စေသည်။

အလှူမဏ္ဍပ်ကြီးများကိုထိုးကာ နေ့စဉ်နေ့စဉ် တစ်နေ့လျှင် ခြောက်သိန်းအကုန်အကျခံ၍ အလှူဒါနပြုလုပ်ခဲ့သည်။ တိုင်းသူပြည်သားတို့၏ သီလတန်ခိုးကြောင့် ကုရုတိုင်းတွင် မိုးလေဝသမှန်ကန်ကာ သာယာအေးမြချမ်းသာစွာ နေထိုင်ကြရသည်။ ကလိင်္ဂတိုင်း၌ကား မိုးခေါင်သဖြင့် အစာရေစာများ ခေါင်းပါး ရှားပါးနေပါသည်။ ကလိင်္ဂတိုင်း ဒန္တပုရပြည့်ရှင် ဘုရင်မင်းသည် ပြည်သူပြည်သားတို့၏ ဆန္ဒအတိုင်း ဒါနပြုခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်းများကို ပြုလုပ်သည်။ သို့ပါသော်လည်း မိုးက မရွာချေ။ ကလိင်္ဂတိုင်းသားတို့က ကုရုတိုင်း၌ မိုးကောင်းသည်မှာ ဣန္ဒပတ္တနဂိုရ်ပြည်၌ အဥ္စနဝဏ္ဏမည်သော မင်္ဂလာဆင်ရှိနေခြင်းကြောင့်ဖြစ်သည်ဟု မှတ်ထင်နေကြသည်။ ဆင်မင်းရောက်လာလျှင် မိုးရွာလိမ့်မည်ဟု မျှော်လင့်နေကြသည်။

ပုဏ္ဏားရှစ်ယောက်ကိုစေလွှတ်၍ မင်္ဂလာဆင်တော်ကိုတောင်းယူရာ ကုရုတိုင်းဘုရင်က ပေးလှူလိုက်ပါသည်။ မင်္ဂလာဆင်တော် ရောက်လာပါသော်လည်း ကလိင်္ဂတိုင်းတွင် မိုးကားမရွာပါချေ။ ကုရုတိုင်း၌မိုးရွာခြင်းအကြောင်းကို စုံစမ်းဆင်ခြင်ရာ ဓနဉ္စယကောရဗျမင်းသည် ကုရုဓမ္မ (ငါးပါးသီလ)ကို ကိုယ်တိုင်လည်းကျင့်သုံးသည်။ တိုင်းသူပြည်သားအားလုံးကိုလည်း ငါးပါးသီလကို မဖြစ်မနေကျင့်သုံးစေသည်။ ယင်းသို့ကျင့်သုံးသဖြင့် ၁၅ရက်တစ်ကြိမ် မိုးရွာခြင်းဖြစ်သည်ဟုသိရသည်။ ကုရုတိုင်းသို့သွားရောက်ပြီး ကုရုဓမ္မ(ငါးပါးသီလ)ကို ရွှေပြားပေါ်၌ ရေးသား၍ ယူဆောင်လာပြီး ကလိင်္ဂတိုင်း၌ ကုရုဓမ္မ(ငါးပါးသီလ)ကို လိုက်နာကျင့်သုံးကြ၍ မိုးလေဝသမှန်ကန်ပြီး ဆန်ရေစပါးပေါများလာသည်။ ယင်းသို့ဖြင့် တော်သလင်းလပြည့်နေ့ကို ဂရုဓမ္မအခါတော်နေ့ဟု သတ်မှတ်ကာ ဒါန၊ သီလ၊ ဘာဝနာတရားများဆောက်တည်ကျင့်သုံးသည့် အစဉ်အလာကောင်းများ ပြန့်ပွားထွန်းကားလာခဲ့ပါသည်။

**ရှေးစဉ်လာ ဓလေ့မြတ်**
**မမေ့အပ် ဤခါ**
**ရှေးမင်းမြတ် ရာဇာသည်**
**လှေနာဝါ ပြိုင်ကျင်း။**
**ငုံ,အာ,ပွင့် ရွှေရင်းမာငယ်**
**လေညင်းလာ မွှေးနံ့ကြိုင်သင်း။**
**သဏ္ဌာန်ရုပ် သွင်အပြင်**
**ကညာခင် ပုံသွင်း။**
**ရာသီတွင် ကြုံလေခြင်းမို့**
**ဆုံတွေ့လျှင်း "ကန်"မှာ၊**
**နက္ခတ်ကြယ် ပုဗ္ဗာမင်းရယ်က**
**ထွန်းပဝင်း တင့်လျက်ရောင်ဖြာ။**
**နဂါးကြွက် ရက်ရာဇာငယ်**
**ပူး,ဆင်မှာ ပြဿဒါးမို့**
**နတ်နဂါး ထူးကြောင်းပြည့်ကြွယ်**
**ဦးခေါင်း လှည့်တယ်**
**သစ်ဆင်းလ ရှုဖွယ်ကို**
**လူ့နယ်တစ်ခို မှတ်တမ်းမို့လေး။** ။



**ကြို့ပင်ကောက်မြို့ သန့်ရှင်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် အောင်ဒင်လမ်းရေနုတ်မြောင်းကို ဩဂုတ် ၁၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ရေမြောင်းပြန်လည်တူးဖော်ခြင်းဆောင်ရွက်ရာသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အမှုဆောင်အရာရှိ ဦးထွန်းထွန်းတို့ ကြီးကြပ်စဉ်။** (မြို့နယ်စည်ပင်)

## မြန်မာ့အသံ နားဆင်ခရာ

**၁၃၆၈ ခုနှစ်**
**တော်သလင်းလပြည့်ကျော် ၃ ရက်**
**၉-၉-၂၀၀၆ (စနေနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

**နေ့လယ်ပိုင်း**

၀၉:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
(၁) ချစ်တာသေချာတယ် (တိုနီသစ်လွင်–ရတနာဦး)
(၂) အဖော်မွန် (ခင်မောင်ထူး–မေဆွိ)
(၃) နှလုံးသား မပေးနဲ့ (ဆောင်းဦးလှိုင်–ရှင်ဖုန်း)
၀၉:၄၅ အာဆီယံအစီအစဉ်
၁၀:၀၀ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာရန် စံသီချင်းများ (ဝါသနာရှင်အဆင့် အမျိုးသား)
(ခေတ်ဟောင်း/ကာလပေါ်)
(၁) တပေါင်းသာခေါင် (ကိုတင်အောင်သန်း)
(၂) ဗုဒ္ဓဂုဏ်ရည်ခြောက်ရောင်ခြည် (ကိုမင်းနောင်)
(၃) စာဆိုချစ်သူ(စန္ဒရားထွန်းညွန့်)
၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ငွေပင်လယ်အဆင့်မြင့် ငါး၊ ပုစွန်ရောင်းဝယ်ရေးဇုန်အကြောင်း–၁)
၁၁:၃၅ မေတို့ရေးရာ သိမှတ်စရာ (လုပဖို့အတွက်ဆို–မေလေး)
၁၂:၀၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း
၁၂:၁၀ နေ့စဉ်သုံး အီဒီယမ် (ဦးသိန်းလွင်)
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အထက်တန်း–စိတ်ကြိုက်မြန်မာစာ) (သံဝရပျို့မှ လေ့လာဖွယ် အဖွဲ့များ)

**ညနေပိုင်း**

၁၆:၁၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ငယ်ချစ်ဟောင်း နှစ်ပေါင်းများစွာ (စန္ဒရားချစ်ဆွေ)
(၂) မေ့အချစ်မစစ်လို့လား (နီနီဝင်းရွှေ)
(၃) တစ်နေ့နေ့တစ်ချိန်ချိန် တစ်နေရာရာ (သန်းဖေလေး)
၁၇:၀၀ ခေတ်ဟောင်းတေး
(၁) စုံတောမြိုင် (မတင်အုံး)
(၂) မိန်းမရဦးမယ် (ဥသြဘသောင်)
(၃) မြတ်လေးငုံ (မေရှင်)
၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (အားကစားသမားများအတွက် စိတ်တည်ငြိမ်မှု)
၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ချိုကြည်သာတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် မျိုးမြင့်လေး၏ နတ်သျှင်နောင်တေးစီးရီး)
၂၀:၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) နေ့နေ့ညည မေ့မရဘူးမောင် (ညိုညိုရိမ်)
(၂) စိတ်ငြိမ်တဲ့ ကမ္ဘာသစ်လေး (မြတ်ရွှေဝင်း)
(၃) အမေ့ရင်ခွင် (သင်းသင်းအေး)


**ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန**
**(အောက်မြန်မာပြည်)**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**
**e- Education Learning Centre**
**သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်**
**(တနင်္လာမှ သောကြာ)**
**မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ**
**(စနေ၊ တနင်္ဂနွေ)**
**နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ**

**၁၁-၉-၂၀၀၆ (တနင်္လာနေ့)**
- Cultural Anthropology
  - ပထမနှစ် မနုဿဗေဒ၊ ဒဿနိကဗေဒ၊ ရှေးဟောင်းသုတေသနပညာနှင့် စိတ်ပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- Archaeological Theory
  - ပထမနှစ် ရှေးဟောင်းသုတေသန ကျောင်းသား၊ ကျောင်းသူများ

**၁၂-၉-၂၀၀၆ (အင်္ဂါနေ့)**
- Chemical Bonding
  - ဒုတိယနှစ် ဓာတုဗေဒအထူးပြု နေ့သင်တန်းကျောင်းသား၊ ကျောင်းသူများ
- Carbohydrate
  - ဒုတိယနှစ် ဓာတုဗေဒအထူးပြု နေ့သင်တန်းကျောင်းသား၊ ကျောင်းသူများ

**၁၃-၉-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**
- Basic Electronics
  - ပထမနှစ် ရူပဗေဒ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- Basic Crystal Structure
  - တတိယနှစ် ရူပဗေဒ အထူးပြု ကျောင်းသား၊ ကျောင်းသူများ

**၁၄-၉-၂၀၀၆ (ကြာသပတေးနေ့)**
- Supremal Points
  - သင်္ချာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- An animal Cell
  - ပထမနှစ် သတ္တဗေဒ အထူးပြု ကျောင်းသား၊ ကျောင်းသူများ

**၁၅-၉-၂၀၀၆ (သောကြာနေ့)**
- Ecto: and Endoparasites
  - တတိယနှစ် သတ္တဗေဒ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- How to Make Golden Rice
  - ပထမနှစ် ရုက္ခဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ

**၁၆-၉-၂၀၀၆ (စနေနေ့)**
- Application of Demand and Supply
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ
- Double Entry and Book-Keeping
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ
- Historical Background of Myanmar Economy
  - ပထမနှစ် ပြည်သူ့ရေးရာ
- Myanmar Economic Reforms˚(1989-1996)
  - ပထမနှစ် ပြည်သူ့ရေးရာ
- Cash-Book
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ
- Total Debtors Account and Total Creditors Account
  - ပထမနှစ် စီးပွားရေး
- The Preparation of Accounts from Single Entry or Incomplete Records
  - ပထမနှစ် စီးပွားရေး
- Micro Business
  - ပထမနှစ် အိမ်တွင်းစီးပွား
- Legal Form of Organization
  - ပထမနှစ် အိမ်တွင်းစီးပွား
- Measures of Dispersion
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ
- Structure of Markets
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ
- Monopoly
  - ပထမနှစ် အိမ်တွင်းစီးပွား

**၁၇-၉-၂၀၀၆ (တနင်္ဂနွေနေ့)**
- Consumer's Equlibrium
  - ဒုတိယနှစ် စီးပွားရေး
- Macroeconomics Policy Objectives and Instruments
  - ဒုတိယနှစ် စီးပွားရေး၊ ပြည်သူ့ရေးရာ
- Imperfect Competition Market
  - ဒုတိယနှစ် စီးပွားရေး
- Statistical Theory Moments and Generating Functions
  - ဒုတိယနှစ် စီးပွားရေး
- Measures of Dispersion
  - ဒုတိယနှစ် ပြည်သူ့ရေးရာ
- Cost Accountig
  - ဒုတိယနှစ် စီးပွားရေး၊ စီးပွားစီမံ
- An Introduction to the Final Accounts of Limited Liability Companies (Financial Accounting)
  - ဒုတိယနှစ် စီးပွားရေး၊ စီးပွားစီမံ
- Definitions of the Management Science
  - ဒုတိယနှစ် စီးပွားစီမံ
- Factor Markets
  - ဒုတိယနှစ် စီးပွားရေး
- The First Industrial Revolution
  - ဒုတိယနှစ် စီးပွားရေး
- Functions of Random Variables
  - ဒုတိယနှစ် စီးပွားရေး
- Transformation of Variables
  - ဒုတိယနှစ် စီးပွားရေး
- Producer's Equilibrium
  - ဒုတိယနှစ် စီးပွားရေး
- International Trade & Financial Institutions
  - ဒုတိယနှစ် စီးပွားရေး

# ဒေသဝမ်းစာဖူလုံရေးအတွက် စပါးကို အလေးထားစိုက်ပျိုး အထွက်နှုန်းတိုးရန် နည်းလမ်းလေးသွယ်ဖြင့် စနစ်တကျဆောင်ရွက် ကော်ဖီနှင့် လက်ဖက်ပျိုးပင်များ ပင်ပိုင်းမျိုးပွားနည်းဖြင့်လုပ်ကိုင်

**မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် မိုးကုတ်မြို့နယ် ကင်းကျေးရွာ၌ ကျင်းပသော ၂၀၀၆ ခုနှစ် မိုးစပါးထွန်တုံးပိတ် စိုက်ပျိုးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



**နေပြည်တော် စက်တင်ဘာ ၇**

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) တိုင်းအုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းနှင့် တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တိုင်းစိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင် ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မွန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၃၀ရက် မွန်းလွဲ ၁နာရီက သပိတ်ကျင်းမြို့နယ် ကျောက်လှည်းဘီးကျေးရွာသို့ ရောက်ရှိပြီး လမ်းဘေးဝဲယာ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးထားရှိမှုနှင့် တစ်အုပ်တစ်မ စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို သက်တမ်းသုံးနှစ်ရှိယာစည်းရိုး ကြက်ဆူပင်များမှ အသီးများကို လေလွင့်မှုမရှိစေဘဲ စနစ်တကျတန်ဖိုးထား စုဆောင်းထားရှိရန်နှင့် ကြက်ဆူပင်များ ပျက်စီးမှုမရှိအောင် တာဝန်သိသိထိန်းသိမ်း စောင့်ရှောက်ရန် မှာကြားသည်။

***စာမျက်နှာ ၇ ကော်လံ ၁*** ■

## စက်တင်ဘာ ၇ ရက်၌ မိုးရွာသွန်းလေသမျှ

| | |
|---|---|
| ပခုက္ကူ | ၂ ဒသမ ၄၀ လက်မ |
| မင်းဘူး | ၂ ဒသမ ၁၇ လက်မ |
| မြင်းမူ | ၁ ဒသမ ၂၆ လက်မ |
| မြင်းခြံ | ၁ ဒသမ ၂၂ လက်မ |
| ဗန်းမော် | ၁ ဒသမ ၂၂ လက်မ |

## မာဒေးကားဖလားဘောလုံးပြိုင်ပွဲ မြန်မာနှင့် အင်ဒိုနီးရှားဗိုလ်လုပွဲစဉ် မြန်မာ့ရုပ်မြင်သံကြားမှ (ယနေ့)ထုတ်လွှင့်မည်

ရန်ကုန် စက်တင်ဘာ ၇

**(၃၈)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြပုံများကို စက်တင်ဘာ ၈ ရက်** (ယနေ့) **ည ၈နာရီ ပြည်တွင်းသတင်းများအပြီးတွင် မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်ဟု သိရသည်။** (မြန်မာ့အလင်း)

# စက်မှုကုန်ကြမ်းသီးနှံ ပီလောပီနံစိုက်ခင်းများ လျာထားချက်ကျော်လွန်အောင် စိုက်ပျိုးလုပ်ကိုင် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၇

**ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီခွဲက အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စားသောက်ကုန်လုပ်ငန်း ဒိုက်ဦးကော်မှုန့်စက်ရုံသို့ ရောက်ရှိရာ ဧည့်ရိပ်သာ၌ မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးလှိုင်က စက်ရုံ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။**

**ကြည့်ရှုစစ်ဆေး**

ထို့နောက် တိုင်းမှူးက စက်မှုကုန်ကြမ်းသီးနှံ ပီလောပီနံစိုက်ခင်းများအား လျာထားချက်ထက်ကျော်လွန်အောင် စိုက်ပျိုးရေး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရေး မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး စက်ရုံဧရိယာနှင့် ပီလောပီနံစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးသည် ကော်မှုန့်စက်ရုံအတွင်း ကုန်ထုတ်ဌာန(၁)သို့ သွားရောက်၍ ကော်မှုန့်မှ ဂလူးကို့စ်နှင့် ကပ်စေးနဲ ထုတ်လုပ်မှုနှင့် ထုပ်ပိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ရှင်းလင်းတင်ပြ**

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ ဒိုက်ဦး ဝက်မွေးမြူရေးခြံနှင့် အစာစပ်စက်ရုံသို့ ရောက်ရှိရာ ဧည့်ရိပ်သာတွင် စက်ရုံမှူး ဦးပြည့်စုံက

***စာမျက်နှာ ၁၁ ကော်လံ ၁*** ❒



## အင်တာနက်အထူးသတင်း

# ဂြိုဟ်ကြီးကိုးလုံးမှ ဖယ်ထုတ်ခံလိုက်ရသော ပလူတို

**ပရာဟာ စက်တင်ဘာ ၇**

ချက်နိုင်ငံ ပရာဟာမြို့တွင် မကြာမီကပြုလုပ်ခဲ့သော (၂၆)ကြိမ်မြောက် နိုင်ငံတကာ နက္ခတ္တဗေဒသမဂ္ဂ (အိုင်အေယူ)အစည်းအဝေးက နေစကြဝဠာအဖွဲ့အစည်း၌ ဂြိုဟ်ကြီးကိုးလုံးရှိသည်ဟူသော သတ်မှတ်ချက်ကို ပယ်ဖျက်ကာ ဂြိုဟ်ရှစ်လုံးသာရှိသည်ဟူသောအချက်ကိုလက်ခံရန် ဆုံးဖြတ်လိုက်ကြပြီဖြစ်သည်။

**လက်ခံထားခဲ့**

ယခင်က နေစကြဝဠာအဖွဲ့အစည်းတွင် ကမ္ဘာဂြိုဟ်၊ စနေဂြိုဟ်၊ သောကြာဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ ယူရေးနပ်စ်ဂြိုဟ်၊ နက်ပကျွန်းဂြိုဟ်နှင့် ပလူတိုဂြိုဟ်ဟူ၍ ဂြိုဟ်ကြီးကိုးလုံးရှိခဲ့သည်ဟု ကမ္ဘာ့နက္ခတ္တဗေဒပညာရှင်များနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက လက်ခံထားခဲ့ကြသည်။

**ဆုံးဖြတ်ခဲ့**

သို့သော် ပလူတိုဂြိုဟ်သည် ဂြိုဟ်အင်္ဂါရပ်နှင့်ညီညွတ်မှုမရှိကြောင်း၊ နေကို ပုံမှန်လှည့်ပတ်နေခြင်းမဟုတ်ကြောင်း၊ အရွယ်အစားသေးငယ်လွန်းကြောင်း၊ ပေါင်းစပ်ဖွဲ့စည်းဖြစ်ပေါ်နေသည့် အရံဂြိုဟ်များက ပလူတိုဂြိုဟ်ထက် အရွယ်အစားကြီးနေကြောင်းတို့ကို နှစ်အတန်ကြာလေ့လာမှုမှ သိရှိခဲ့ရပြီးနောက် အိုင်အေယူက ယခုကဲ့သို့ ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်သည်။

***စာမျက်နှာ ၅ ကော်လံ ၁*** ✱

8-9 (20).p65 1 9/8/06, 2:18 AM